
mgyoe.com

# franz kafka

SAMPLE BOOK

# The Lost Writings



## ဖရန့်ဇ်ကာဖကာ၏
## ပျောက်ဆုံးအရေးအသားများ

မောင်ဒေး မြန်မာပြန်သည်

mgyoe.com

mgyoe.com

SAMPLE BOOK

ဖရန့်ဇ်ကာဖကာဟာ ငါတို့ခေတ်ရဲ့အကြီးကျယ်ဆုံး (ဂျာမန်ဘာသာစကားနဲ့ရေးသားတဲ့) စာရေးဆရာပဲ။ ရစ်လ်ခါလိုကဗျာဆရာတွေ၊ ထောမတ်စ်မန်းလိုဝတ္ထုရေးဆရာတွေဟာ ကာဖကာနဲ့ယှဉ်လိုက်ရင် အကောင်ပုကလေးတွေ၊ ဒါမှမဟုတ် ပလာစတာနဲ့လုပ်ထားတဲ့ သူတော်စင်ရုပ်တုတွေသာ ဖြစ်ကြတယ်။

Vladimir Nabokov

ISBN 978-99986-997-0-0

9 789998 699700 >

mgyoe.com

Cover Design: Maung Day

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၅၅၃

# ဖရန့်ဇ် ကာဖကာ၏
# ပျောက်ဆုံး အရေးအသားများ

**The Lost Writings**

Franz Kafka

(Reiner Stach ရွေးချယ်ပြီး
Michael Hoffmann
အင်္ဂလိပ်ဘာသာ ပြန်ဆိုထားသည့် မူကို)

**မောင်ဒေး**

မြန်မာပြန်သည်။

**နှစ်ကာလများ**
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅၉၄၈၊ ၀၉ ၇၄၀ ၉၇၉ ၃၉၃
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK


**ပုံနှိပ်မှတ်တမ်း**

ဖရန့်ဇ်ကာဖကာ၏ ပျောက်ဆုံးအရေးအသားများ

မောင်ဒေး (မြန်မာပြန်သည်)

ပထမအကြိမ်၊ ဇန်နဝါရီ၊ ၂၀၂၄။

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၇၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးလပြည့်ဝေး၊ လပြည့်လင်း ပုံနှိပ်တိုက် (၀၁၃၆၉)၊ အမှတ် ၁၁ အိပ်ချ်၊ ၅၅ လမ်း(အလယ်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ **မျက်နှာဖုံး** မောင်ဒေး၊ **ကွန်ပျူတာစာစီ** သရဖီ။


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁။ နံ့ရုံတစ်ခုရဲ့ ခြေရင်းက မြေပြင်ပေါ်မှာ ၁၃

၂။ ဆိုတော့၊
မင်း ငါ့ဆီကနေ ထွက်သွားချင်နေတယ်ပေါ့လေ ၁၄

၃။ ပေါင်မုန့်ကြီးတစ်လုံး စားပွဲပေါ်မှာ ရှိနေတယ် ၁၅

၄။ ကျွန်တော်လည်း တခြားလူတွေလိုပဲ ရေကူးတတ်တယ် ၁၇

၅။ လှေတွေက ကျွန်တော့်အနားကနေ
ညက်ညက်ညောညော လှော်ခတ်သွားကြ ၁၈

၆။ အမြီးရှည်ရှည်ပါတဲ့ တိရစ္ဆာန် ၂၁

၇။ နက်တဲ့ ရေတွင်း ၂၂

၈။ တောင်သူတစ်ယောက်က အဝေးပြေးလမ်းပေါ်မှာ ၂၃

၉။ ကောင်မလေးတစ်ယောက်ကို ကျွန်တော် ချစ်ခဲ့တယ် ၃၀

၁၀။ Edthofer ဟိုတယ်မှာ ကျွန်တော် တည်းနေတယ် ၃၂

၁၁။ ဒီမှာ စောင့်နေတဲ့လူတွေ အများကြီးပဲ ၃၆

၁၂။ အထူးတန်းဇရိယာမှာ မိန်းမဖြစ်သူနဲ့ ဘေးချင်းကပ်ပြီး ၃၇

၁၃။ တံတားအဖြစ် ချခင်းထားတဲ့
ပွဲ့ကျနေတဲ့ ပျဉ်ချပ်တစ်ခုပေါ်မှာ ၄၀

၁၄။ ပစ်ပယ်ခံ ဝိညာဉ်ရေ၊
မင်း မကျေမနပ်ဖြစ်နေတဲ့ ကိစ္စက ဘာလဲ ၄၁


mgyoe.com

mgyoe.com SAMPLE BOOK


၁၅။ လုပ်ပိုင်ခွင့် အာဏာ ၄၂
၁၆။ စားပွဲမှာ တိတ်ဆိတ်စွာ ထိုင်ပြီး
စားပွဲမျက်နှာပြင်ကို ငေးစိုက်ကြည့်နေတဲ့ ၄၄
၁၇။ မြို့စားက နေ့လယ်စာ စားနေတယ် ၄၅
၁၈။ ရိုးရိုးသားသားနဲ့ မခြွင်းမချန် ပြောရရင် ၄၇
၁၉။ မိုးကောင်းတဲ့နေ့ ၅၀
၂၀။ ရေကန်တစ်ခုထဲမှာ ကျွန်တော် လှေလှော်နေတယ် ၅၇
၂၁။ မြို့က နေနဲ့ တူတယ် ၅၉
၂၂။ ဒီမြို့မှာ အမြဲတမ်း မနက်စောစောအချိန်ပဲ ဖြစ်နေတယ် ၆၀
၂၃။ ခင်ဗျားရဲ့လက်တွေကို
ဆူးတောင်တွေလို ဘေးနှစ်ဖက်မှာ ကပ်ထားပြီး ၆၁
၂၄။ စကျွာလ အယောက်နှစ်ဆယ်
သီးခြားအုပ်စုတစ်ခု ဖွဲ့တယ် ၆၃
၂၅။ ကလေးတွေက ဘုရားကျောင်း လှေကားထစ်တွေပေါ်မှာ ၆၅
၂၆။ သူ့ရဲ့အောက်နှုတ်ခမ်းကို အပေါ်သွားနဲ့ ကိုက်ထားတယ် ၆၇
၂၇။ ကျွန်တော်တို့ ရေသောက်ကြတဲ့ နေရာမှာ ၆၉
၂၈။ သတ္တုတွင်း အင်ဂျင်နီယာရဲ့ရှေ့မှာ ကျွန်တော် ရပ်နေတယ် ၇၁
၂၉။ ကျွန်တော် တိုက်ပွဲဝင်နေတယ် ၇၄
၃၀။ ညဘက် အိမ်ပြန်လာကြတဲ့ လယ်လုပ်သားတစ်စုဟာ ၇၆
၃၁။ အမှန်အတိုင်း ပြောစမ်းပါ ၇၈
၃၂။ မင်းရဲ့ပါဝါကို ဘာနဲ့ တည်ဆောက်ထားတာလဲ ၈၁
၃၃။ လူတချို့ ကျွန်တော့်ဆီရောက်လာပြီး
သူတို့အတွက် မြို့တစ်မြို့ တည်ဆောက်ခိုင်းတယ် ၈၇
၃၄။ ချောမွတ်နေတဲ့ မြေကြီးပေါ်မှာ
ကျွန်တော်တို့ လမ်းလျှောက်လာခဲ့ကြတယ် ၉၀
၃၅။ ဒါက မြို့နေတဲ့ နံရံတစ်ခု မဟုတ်ဘူး ၉၃
၃၆။ ဟောဒီရေတွင်း အောက်ဘက်က ရေတွေကို ၉၄


mgyoe.com

mgyoe.com SAMPLE BOOK

၃၇။ ဘယ်သူမှ မအိပ်ဘူး ၉၅
၃၈။ ခင်ဗျားက သေခြင်းတရားအကြောင်း အမြဲ ပြောနေတာပဲ ၉၈
၃၉။ ဒါက ထောင်အကျဉ်းခန်းတစ်ခု မဟုတ်ဘူး ၉၉
၄၀။ လူဆိုတာ တစ်ဦးတစ်ယောက်ချင်း ဖြစ်တည်ကြတာပဲ ၁၀၀
၄၁။ 'ငါဒီကို ဘယ်လိုရောက်လာတာလဲ'လို့
ကျွန်တော် မြည်တမ်းမိတယ် ၁၀၈
၄၂။ အမောတကောနဲ့ပဲ ကျွန်တော် ရောက်လာခဲ့တယ် ၁၀၉
၄၃။ 'တကယ့်ကို အံ့ရောပဲ'လို့ ခွေးက
သူ့ရဲ့နဖူးကို လက်နဲ့ ပွတ်သပ်လိုက်ရင်း ပြောတယ် ၁၁၁
၄၄။ ကျွန်တော်နဲ့ နှစ်ပေါင်းများစွာ ကွဲကွာနေတဲ့ သူငယ်ချင်း ၁၁၄
၄၅။ ဘားဆိုင်တစ်ခုကနေ သီချင်းသီဆိုသံ ထွက်ပေါ်နေတယ် ၁၁၉
၄၆။ ထိုးဖောက်မလွယ်တဲ့ ဆူးချုံတောအလယ်မှာ
ကျွန်တော် ပိတ်မိနေတယ် ၁၂၁
၄၇။ အိမ်မှာ ညှော်သည်တစ်ယောက် ရောက်နေတယ် ၁၂၃
၄၈။ ထူးဆန်းတဲ့ ဥယျာဉ်တစ်ခုထဲကို
ကျွန်တော် ဝင်ခွင့်ရတယ် ၁၂၆
၄၉။ ဟိုမိန်းမကြီးက အစွဘဲလာပဲ၊
မီးခိုးပြောက်ရောင် မြင်းမအိုကြီး ၁၂၈
၅၀။ လယ်ယာမြေကာကွယ်ရေး တပ်စခန်းတစ်ခုမှ
မြင်ကွင်းများ ၁၃၀
၅၁။ ဘာကြောင့် ငါ့ကို လာပြီး စွပ်စွဲနေရတာတုံး၊
ဆိုးသွမ်းကောင်ရဲ့ ၁၅၀
၅၂။ ဒီနေရာကနေ အဝေးကို၊ အဝေးကြီးကိုသာ ခေါ်သွားပေး ၁၅၁
၅၃။ ကျုပ်ရဲ့ ဆင်ခြင်တုံတရားကို
ကျုပ်ရဲ့လက်ထဲမှာ မြှုပ်ထားလိုက်တယ် ၁၅၂
၅၄။ အလွန်ခက်ခဲတဲ့ လုပ်ငန်းတာဝန်တစ်ခု ၁၅၃
၅၅။ ဆိုင်က ခပ်သေးသေးပဲ ၁၅၅

mgyoe.com

mgyoe.com SAMPLE BOOK

၅၆။ ခင်ဗျားကို စိတ်ဒုက္ခပေးနေတာ ဘယ်အရာလဲ ၁၅၈
၅၇။ ဝေဝါး ထွေပြားမနေဘဲ တည့်တိုးပဲ ပြောပါရစေ ၁၅၉
၅၈။ ခေါင်းတလားတစ်ခုကို အဆင်သင့် ပြုလုပ်ထားပြီးပြီ ၁၆၁
၅၉။ သူ လွတ်မြောက်လာတော့ ညအချိန် ဖြစ်နေပြီ ၁၆၄
၆၀။ အိုးအိမ်ဌာနလည်း ပါဝင် ပတ်သက်လာတယ် ၁၆၆
၆၁။ နိုင်ငံခြားသားတွေကြားမှာ နေထိုင်ဖို့အတွက်
ပြည်ပကို ကျွန်တော် သွားခဲ့တယ် ၁၆၉
၆၂။ ကိုယ့်ရဲ့ ကိုယ်ပိုင်အစွမ်းအစတွေ အကြောင်းကို
လွတ်လွတ်လပ်လပ် ဖွင့်ပြောရဲတာ
ငါ့အပြင် တခြား ဘယ်သူ ရှိသလဲ ၁၇၁
၆၃။ တစ်ညမှာတော့ ကြွက်လောကမှာ ၁၇၃
၆၄။ ကျွန်တော်တို့ရဲ့အိမ် ၁၇၄
၆၅။ ညဘက် ကျွန်တော် အိမ်ပြန်ရောက်တော့ ၁၇၇
၆၆။ လူအများ လက်ခံထားတဲ့ ကမ္ဘာသမိုင်း မှတ်တမ်းတွေက
ကျွန်တော်တို့အပေါ် တာဝန်မကျေ ၁၈၁
၆၇။ အိမ်ကနေ ဘယ်မှ ထွက်သွားစရာ မလိုဘူး ၁၈၂
၆၈။ ဂုဏ်ကျက်သရေရှိ ခရီးသည်အပေါင်းတို့ ခင်ဗျား ၁၈၃
၆၉။ ရက်ဒ်ပီတာအကြောင်း ပြောဆိုကြတာကိုတော့
ကျွန်တော်တို့အားလုံး ကြားဖူးတယ် ၁၈၄
၇၀။ ရက်ဒ်ပီတာရေ၊ ခင်ဗျားရဲ့မျက်နှာချင်းဆိုင်မှာ
အခုလိုထိုင်၊ ခင်ဗျား ပြောဆိုတာကို နားထောင် ၁၈၇
၇၁။ အကျောက်အကန် ယှဉ်ပြိုင်မှု စတင်တယ် ၁၉၁
၇၂။ ဟဲ့မြွေကလေး၊ ဘာကြောင့် ခပ်ဝေးဝေးမှာ နေရတာလဲ ၁၉၄
၇၃။ ရေကူးချန်ပီယံကြီး၊ ရေကူးချန်ပီယံကြီးလို့
လူတွေက အော်တယ် ၁၉၅
၇၄။ ဒဏ္ဍာရီဆိုတာ ၁၉၉

mgyoe.com

mgyoe.com SAMPLE BOOK



ဖရန့်ဇ် ကာဖကာ

ဖရန့်ဇ် ကာဖကာ (၁၈၈၃–၁၉၂၄) ကို ပရာ့ဂ်မြို့မှာ ဂျူးလူမျိုး မိဘနှစ်ပါးက မွေးဖွားပေးခဲ့တယ်။ သူ့ရဲ့ ဝတ္ထုတို တွဲ တချို့ကို သူ သက်ရှိထင်ရှား ရှိနေစဉ်မှာ ထုတ်ဝေခဲ့ပြီး သူ့ရဲ့ ဝတ္ထုရှည်တွေဖြစ်တဲ့ The Trial, The Castle, Amerika တို့ကို သူ ကွယ်လွန်ပြီးမှ သူ့ရဲ့အယ်ဒီတာ မက်စ်ဘရော့ဒ် က ထုတ်ဝေခဲ့တယ်။ ဝတ္ထုတို အများစုကို ဆရာမြင့်သန်း က မြန်မာဘာသာသို့ ပြန်ဆိုထားပြီး၊ ကာဖကာရဲ့ စာ အရေးအသားတွေအကြောင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး မိတ်ဆက်ပေးထားတယ်။ ဘုန်းမြင့် (မန္တလေး) လည်း ဘာသာပြန်ထားတာ ရှိပါတယ်။ ဝတ္ထုရှည်တွေထဲက ဆိုရင် The Trial နဲ့ The Castle တို့ကို ဆရာတင်ဦးခက်၊ ဆရာနတ်နွယ် စတဲ့ ဆရာတွေက မြန်မာဘာသာသို့ ပြန်ဆို ထုတ်ဝေထားတာ ရှိပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## ရိုင်းနား စတက်ခ်

ယခုစာအုပ်ပါ အရေးအသားတွေကို ကာဖကာ သုတေသီလည်း ဖြစ်၊ ကာဖကာရဲ့ အတ္ထုပ္ပတ္တိတွေကို ရေးသားပြုစုသူလည်း ဖြစ်တဲ့ ဂျာမန် စာရေးဆရာ ရိုင်းနား စတက်ခ်က ရွေးချယ်စုစည်းတာဖြစ်ပြီး၊ အဲဒီ စုစည်းမှုကိုမှ ဘာသာပြန်ဆိုသူ မိုက်ကယ်လ်ဟော့ဖ်မန်းက ဂျာမန် ဘာသာကနေ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ New Directions စာအုပ်တိုက်ကနေ ပုံနှိပ်ဖြန့်ဝေတာ ဖြစ်တယ်။ ဒီအရေးအသား အများစုဟာ ဆယ်စုနှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်နေခဲ့တဲ့ အရေးအသားတွေ ဖြစ်ပါတယ်။ ရိုင်းနား စတက်ခ်ရဲ့ စာအုပ်တွေကတော့ ကာဖကာ အတ္ထုပ္ပတ္တိ သုံးအုပ်တွဲ (Kafka: The Early Years; Kafka: The Decisive Years; Kafka: The Years of Insight), Is That Kafka? 99 Finds စတဲ့ စာအုပ်တွေ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်တယ်။ ဂျာမန်ဘာသာစကားနဲ့ ရေးသားထုတ်ဝေထား တဲ့ စာအုပ်တွေလည်း ရှိပြီး အများစုက ကာဖကာနဲ့ ပတ်သက်တဲ့ စာအုပ်တွေ ဖြစ်ပါတယ်။ ယခု မြန်မာဘာသာပြန် စာအုပ်ထဲမှာ ကာဖကာ ရေးဆွဲခဲ့တဲ့ ရုပ်ပုံတွေကိုလည်း မြင်တွေ့ ရှုစားရမှာ ဖြစ်တယ်။ ကာဖကာဟာ သက်ရှိ ထင်ရှားရှိစဉ်က စာရေးသားခြင်းအပြင်၊ ပုံရေးဆွဲခြင်းကို လည်း တစိုက်မတ်မတ် လုပ်ခဲ့တယ်။ သူ့ရဲ့မိတ်တွေ မက်စ် ဘရော့ဒ်က 'Double Talent' လို့ မှတ်ချက်ပြုဖူးတယ်။ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်မှာ စာပေပါမောက္ခ အန်ဒရီးယာ့စ် ကေလ်ချာက ကာဖကာရဲ့ မူလတွေ့ရှိပြီး ရုပ်ပုံတွေကော၊ မကြာသေးမီကမှ အသစ်တွေ့ရှိတဲ့ ရုပ်ပုံတွေကိုပါ စုစည်းပြီး Franz Kafka: The Drawings ဆိုတဲ့ စာအုပ်ကို ပုံနှိပ် ထုတ်ဝေခဲ့တယ်။ ယခု စာအုပ်ပါ ရုပ်ပုံတွေဟာ ကာဖကာရဲ့ ထိုလက်ရာတွေထဲက အချို့ ဖြစ်ပါတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

## မိုက်ကယ်လ် ဟော့ဖ်မန်း

မိုက်ကယ်လ် ဟော့ဖ်မန်းဟာ ဂျာမနီနိုင်ငံဖွား ကဗျာဆရာနဲ့ ဘာသာပြန်ဆရာ ဖြစ်ပါတယ်။ ကနေ့အချိန်အထိ စာအုပ် ၇၀ ထက် မနည်းကို ဂျာမန်ကနေ အင်္ဂလိပ်သို့ ပြန်ဆိုထားကာ၊ သူ ပြန်ဆိုခဲ့တဲ့ စာရေးသူတွေထဲမှာ Hans Fallada, Franz Kafka, Ernst Junger, Joseph Roth, Wim Wenders အစရှိသူတို့လည်း ပါဝင်တယ်။ Heinrich von Kleist ရဲ့ Michael Kohlhaas (2020) ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပြီး New Directions စာအုပ်တိုက်က ထုတ်ဝေခဲ့ရာမှာ ကြိုဆိုချီးမွမ်းခံရတဲ့ ဘာသာပြန်မှုတစ်ခု ဖြစ်ခဲ့ပါတယ်။ Twentieth Century German Poetry (2006) စာအုပ်ကိုလည်း တည်းဖြတ် ထုတ်ဝေထားတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

*နံရံတစ်ခုရဲ့ ခြေရင်းက မြေပြင်ပေါ်မှာ ကျွန်တော် လဲကျနေတယ်။* ခန္ဓာကိုယ်က နာကျင်မှုနဲ့အတူ တွန့်လိမ်နေပြီး စိုစွတ်တဲ့ မြေကြီးမှာ ဖိကပ်ဝပ်တွားနေတယ်။ မုဆိုးက ကျွန်တော့်ရဲ့ဘေးမှာ ရပ်နေပြီး၊ သူ့ရဲ့ ခြေထောက်နဲ့ ကျွန်တော့်ရဲ့ကျောကို ခပ်သာသာ ဖိထားတယ်။ အလုံးအထည်တော်တော်ကောင်းတဲ့ ကောင်ကြီးပဲဟော့လို့ ရထားလုံး မောင်းသူကို သူလှမ်းပြောတယ်။ တစ်ချိန်တည်းမှာပဲ သူ့ရဲ့လက်က ကျွန်တော့်ကို ထိစမ်းဖို့အတွက် ကျွန်တော့်ရဲ့ ဂျက်ကက်နဲ့ ကော်လာအောက်ထဲကို တိုးဝင်ရောက်ရှိနေပါပြီ။ ကျွန်တော့်ကို ငြီးငွေ့သွားပြီဖြစ်တဲ့ ခွေးတွေက တာဝန်အသစ်တွေကို လုပ်ဆောင်ဖို့ အားသန်နေကြပြီး နံရံနားမှာ စိတ်ထင်သလို ပြေးလွှားနေကြတယ်။ ရထားလုံး ရောက်လာတယ်။ ကျွန်တော်ရဲ့ လက်တွေ၊ ခြေထောက်တွေကို ကြိုးနဲ့စည်းပြီး နောက်မှာ ထိုင်နေတဲ့ ပုဂ္ဂိုလ်ကြီးရဲ့ဘေးနားမှာ ပစ်ထည့်ထားလိုက်တယ်။ ကျွန်တော့်ရဲ့ ခေါင်းနဲ့ လက်တွေက ရထားလုံး ပြတင်းပေါက်ရဲ့ အပြင်ကို တွဲလောင်း ထွက်ကျနေတယ်။ ရထားလုံးရဲ့ မောင်းနှင်မှုက မြန်ဆန်တယ်။ ရေငတ်နေတဲ့ ကျွန်တော်ဟာ ပါးစပ်ကိုဟ ထားပြီး ဖုန်လုံးကြီးတွေကို ရှူသွင်းတယ်။ ရံဖန်ရံခါမှာ ရထားလုံးနောက်ခန်းမှာ ထိုင်နေတဲ့ ပုဂ္ဂိုလ်ကြီးက ကျွန်တော်ရဲ့ ခြေသလုံးသားတွေကို လက်နဲ့ လောဘတကြီး ဆိတ်တယ်။

■

mgyoe.com

mgyoe.com

*ဆိုတော့၊ မင်း ငါ့ဆီကနေ ထွက်သွားချင်နေတယ်ပေါ့လေ။* ဘာပဲ ဆုံးဖြတ် ဆုံးဖြတ် ကောင်းမှာပါပဲ။ မင်း ဘယ်သွားမှာလဲ။ ငါ့ရဲ့ အဝေးဆိုတာ ဘယ်နေရာလဲ။ လကမ္ဘာလား။ အဲဒီနေရာဆိုရင်တောင် သိပ်မဝေးသေးဘူး၊ ပြီးတော့ အဲဒီကို မင်း ရောက်မှာလဲ မဟုတ်ဘူး။ ဆိုတော့၊ ဘာကြောင့် ဗျာများနေမှာလဲ။ ထောင့်တစ်နေရာရာမှာ တိတ်တိတ်ကလေး ထိုင်နေတာက ပိုမကောင်းဘူးလား။ အဲဒါကို တိုးတက်မှုတစ်ခုလို့ ဆိုနိုင်တယ် မဟုတ်ဘူးလား။ နွေးနွေးထွေးထွေး၊ မှောင်မှောင်မည်းမည်း ထောင့်တစ်ခုမှာလေ။ ငါ ပြောတာကို နားရော ထောင်နေရဲ့လား။ တံခါးကို လိုက်ပြီး ထိစမ်း ရှာဖွေနေတာလား။ ဟုတ်ပြီ၊ တံခါးက ဘယ်မှာလဲ ဆိုတာ ပြောပါဦး။ ငါ မှတ်မိသလောက်တော့ ဒီအခန်းမှာ တံခါးမရှိဘူး။ ဒီအခန်းကို တည်ဆောက်တုန်းက မင်း အခု တွေးနေသလိုမျိုး ကမ္ဘာတုန်လောက်တဲ့ အကြံအစည်တွေကို ဘယ်သူမှ ကြိုတွေးမနေခဲ့ဘူး။ ကိစ္စမရှိပါဘူးလေ၊ မင်း တွေးသလို အတွေးမျိုးက ပျောက်ပျက်မသွားပါဘူး။ ဒီအကြောင်းကို ညစာ စားတဲ့အခါ ထပ်ပြောကြတာပေါ့။ ငါတို့ရဲ့ ရယ်သံက မင်းအတွက် ဆုလာဘ်ဖြစ်လိမ့်မယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK


*ပေါင်မုန့်ကြီးတစ်လုံး စားပွဲပေါ်မှာ ရှိနေတယ်။* အဖေက အဲဒီပေါင်မုန့်ကို အလယ်ကနေ ပိုင်းဖို့အတွက် ဓားတစ်ချောင်းကို ကိုင်ပြီး ဝင်လာတယ်။ အရွယ်အစား ကြီးပြီး မြည့်နေအောင် ထက်တဲ့ ဓားဆိုပေမဲ့၊ ပေါင်မုန့်ဆိုရင်လည်း အမာကြီးလည်း မဟုတ်၊ အရမ်း ပျော့ပျောင်းတာမျိုးလည်း မဟုတ်ဘူး ဆိုပေမဲ့၊ ဓားက ပေါင်မုန့်အသားကို မဖြတ်နိုင်ဘူး။ ကလေးတွေဖြစ်တဲ့ ကျွန်တော်တို့ အဖေ့ကို အံ့အားတသင့် မော့ကြည့်လိုက်ကြတယ်။ 'ဘာတွေများ အံ့သြနေကြတာလဲကွ၊ တစ်စုံတစ်ခု အောင်မြင်တာက ရှုံးနိမ့်တာထက် ပိုပြီး အံ့အားသင့်စရာ ကောင်းတာမျိုး မဟုတ်ဘူးလား၊ မင်းတို့ အိပ်ရာဝင်ကြတော့၊ ငါ ထပ်လုပ်ကြည့်လို့ ရချင်လည်း ရမှာပေါ့လေ'လို့ အဖေက ပြောတယ်။ ကျွန်တော်တို့ အိပ်ရာဝင်ခဲ့ကြတယ် ဆိုပေမဲ့ မကြာခဏဆိုသလို ကျွန်တော်တို့ထဲက တစ်ယောက်ယောက်ကတော့ အိပ်ရာက ထပြီး လည်ကိုဆန့်၊ ပြီးတော့ အဖေ့ကို ချောင်းကြည့်တယ်။ အဲဒါ တစ်ညလုံးပါပဲ။ လူကောင်ကြီးတဲ့ အဖေဟာ သူ့ရဲ့ ကုတ်အင်္ကျီရှည်ကို ဝတ်ပြီး အဲဒီမှာ ရပ်နေတယ်။ ညာဘက် ခြေထောက်ကို အားပြုပြီး ဓားကို ပေါင်မုန့်ထဲ ထိုးသွင်းနိုင်အောင် ကြိုးပမ်းလုပ်ဆောင်

mgyoe.com

mgyoe.com SAMPLE BOOK

နေတယ်။ နောက်နေ့မနက် ကျွန်တော်တို့ အိပ်ရာက နိုးလာတော့ အဖေက သူ့လက်ထဲက ဓားကို ဘေးမှာချထားလိုက်ပြီး ပြောတယ် – 'ကဲ၊ တွေ့ကြတဲ့အတိုင်းပဲ၊ ငါ မအောင်မြင်ခဲ့ဘူး၊ အဲ သလောက်ကို ခက်ခဲတယ်'။ ကျွန်တော်တို့ ကလေးတွေကလည်း ပါဝင် လက်စွမ်းပြချင်နေကြတယ်။ ဒါကို အဖေက ခွင့်ပြုပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ဓားကိုတောင် ကြွအောင် မ,မနိုင်ကြဘူး။ ဓားရဲ့လက်ကိုင်ဟာ အဖေ့ရဲ့ အားထုတ်ထားမှု တွေကြောင့် ပြောင်လက်နေသေးသလိုရှိပြီး၊ ကျွန်တော်တို့ရဲ့ လက်ထဲ ကနေ ပတတ်ရပ် ရုန်းထွက်နေသယောင်လည်း ရှိတယ်။ အဖေက ရယ်ပြီး ပြောတယ် – 'အဲဒါကို ထားလိုက်တော့၊ ငါ အခု အပြင်သွားရမယ်၊ ည ကျရင် ထပ်ပြီး ကြိုးစားကြည့်မယ်။ ပေါင်မုန့်က လူကို အရှုံးလာလုပ် နေတာမျိုးတော့ အဖြစ်မခံနိုင်ဘူး။ နောက်ဆုံးတော့ အလှီးခံရမှာ သူပဲ။ ပေါင်မုန့်မှာလည်း ခုခံပိုင်ခွင့်တော့ ရှိတာပေါ့၊ ဒါကြောင့်လည်း အခုလို ခုခံနေတာပေါ့' ဒါပေမဲ့ အဖေ စကားပြောနေစဉ်မှာပဲ ပေါင်မုန့်က ခက်ထန် ပြတ်သားသူ တစ်ယောက်ရဲ့ ပါးစပ်လို ရှုံ့တွလာတယ်။ အခုတော့ဖြင့် အတော်ကြီးကို သေးငယ်တဲ့ပေါင်မုန့် ဖြစ်သွားပြီ။

■

mgyoe.com

mgyoe.com SAMPLE BOOK


*ကျွန်တော်လည်း တခြားလူတွေလိုပဲ ရေကူးတတ်တယ်။* ခြွင်းချက်က ကျွန်တော့်မှာ သူတို့ထက် ပိုကောင်းတဲ့ မှတ်ဉာဏ်မျိုး ရှိနေတယ်၊ ဒါကြောင့်မို့လို့ ကျွန်တော် အရင်တုန်းက ရေမကူးတတ်ခဲ့ဘူး ဆိုတာကို မေ့ဖျောက်လို့ မရနိုင်ဘူး ဖြစ်နေတယ်။ အဲသလို မေ့လို့ မရမှတော့ ရေကူးတတ်လို့လည်း အလကားပဲ။ နောက်ဆုံးတော့ ရေမကူးတတ်ဘူး ဖြစ်သွားတာပဲ။

■

mgyoe.com

mgyoe.com SAMPLE BOOK

*လှေတွေက ကျွန်တော့်အနားကနေ ညက်ညက်ညောညော လှော်ခတ်သွားကြတယ်။* အဲဒီထဲက တစ်စီးကို ကျွန်တော် တားစီးလိုက်တယ်။ ပဲ့ကိုင်က မုတ်ဆိတ်ဖြူဖြူဖွေးဖွေးနဲ့ သန်သန်မာမာ အဘိုးကြီးတစ်ယောက်။ ဆိပ်ခံတံတားပေါ်မှာ ရပ်နေရင်း ကျွန်တော် ချီတုံချတုံ အနည်းငယ် ဖြစ်မိတယ်။ အဘိုးကြီးက ပြုံးပြတယ်။ သူ့ကို အကဲခတ်ရင်းနဲ့ပဲ လှေပေါ်ကို ကျွန်တော် တက်လိုက်တယ်။ အဘိုးကြီးက လှေရဲ့အဆုံးဘက်ကို လက်ညှိုးထိုးပြတယ်။ သူ ပြတဲ့နေရာမှာ ကျွန်တော် ထိုင်တယ်။ ထိုင်ခုံနဲ့ ဖင် ထိတယ်ဆိုရင်ပဲ ထခုန်မိလိုက်ပြီး 'ဟောဒီက ခင်ဗျားတို့ရဲ့လင်းနို့ကြီးတွေက ကြီးလိုက်တာဗျ'လို့ အလန့်တကြား ပြောမိတယ်။ အတောင်ပံကြီးတချို့ ကျွန်တော့်ခေါင်းနားမှာ တဖျပ်ဖျပ် ခတ်နေလို့ပါ။ 'တိတ်တိတ်နေစမ်း'လို့ အဘိုးကြီးက ပြန်ပြောတယ်။ သူဟာ ကျောက်ဆူးချိတ်နဲ့ အလုပ်တွေ ရှုပ်နေပြီ ဖြစ်တယ်။ လှေက အရှိန်ပြင်းပြင်းနဲ့ ထွက်သွားတာကြောင့် ကျွန်တော်ဖြင့် ထိုင်ခုံပေါ်ကို လန်ကျလုမတတ် ဖြစ်သွားရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော် ဘယ်သွားမယ်ဆိုတာကို မပြောလိုက်ပဲ၊ ကျွန်တော် သွားမယ့်နေရာကို သူ သိသလားလို့ ပဲ့ကိုင်ကို ကျွန်တော် မေးလိုက်တယ်။ သူက ခေါင်းပြန်ညိတ်ပြတယ်ဆိုတော့ သူ သိတယ်ပေါ့။ ကျွန်တော့်အတွက်တော့ အတော်ကို စိတ်သက်သာရာ ရစေတယ်။ ကျွန်တော့်ရဲ့ခြေထောက်တွေကို ဆန့်လိုက်ပြီး ခေါင်းကို နောက်ဘက် မှီလိုက်တယ်။ ဒါပေမဲ့ ပဲ့ကိုင်ကိုတော့ မျက်ခြည်ပြတ်မခံ စောင့်ကြည့်တယ်။ စိတ်ထဲမှာ ကျွန်တော် ပြောမိတယ်။ 'မင်း ဘယ်သွားမယ်ဆိုတာကို သူ သိတယ်၊ အဲဒီမျက်ခုံးကြီးတွေရဲ့ နောက်ကွယ်မှာ သူ သိနေတယ်။ ဒါကြောင့်လည်း မင်း သွားလိုရာကို လိုက်ပို့ဖို့အတွက် သူ့ရဲ့တက်တွေကို ပင်လယ်ရေထဲ ထိုးနှစ်ပြီး လှော်ခတ်နေတာပေါ့။ ဖြစ်ချင်တော့ လှေသမားတွေ အများကြီးထဲမှာ မင်း ခေါ်မိလိုက်တဲ့သူက သူ ဖြစ်နေတယ်။ လှေပေါ် မတက်ခင်မှာ မင်း ချီတုံချတုံ ဖြစ်နေသေးတယ်လေ'။ ကျေနပ်စိတ်နဲ့အတူ ကျွန်တော့်ရဲ့မျက်စိတွေကို နည်းနည်း မှိတ်ထားလိုက်တယ်။ ပဲ့ကိုင်ကို မမြင်ရရင်တောင်မှ အနည်းဆုံးတော့ သူ့ရဲ့အသံကို ကျွန်တော် ကြားချင်တယ်၊ ဒါကြောင့် မေးလိုက်တယ် – 'ဦးလေးရဲ့ အသက်အရွယ်နဲ့ အလုပ် မလုပ်သင့်တော့ပါဘူး။ သားသမီး မရှိဘူးလားဗျ'။ 'မင်းပဲ ရှိတယ်။ မင်းဟာ ငါ့ရဲ့ တစ်ဦးတည်းသော ရင်သွေးပဲ။ မင်းအတွက်ကြောင့်သာ ဒီခရီးကို ငါ လက်ခံ ပို့ဆောင်ပေးနေတာ။ ဒါပြီးရင် လှေကိုရောင်းပြီး အနားယူတော့မယ်'လို့ ပဲ့ကိုင်က ပြန်ဖြေတယ်။ 'ဦးလေးက ဦးလေးရဲ့ ခရီးသည်တွေကို သားသမီးလို့ ခေါ်တယ်၊ ဟုတ်လား'လို့ ကျွန်တော် ပြန်မေးလိုက်တော့ 'ဟုတ်တယ်၊ ဒီအရပ်က ဓလေ့ ဆိုပါတော့။ ခရီးသည်တွေကလည်း ငါတို့ လှေသမားတွေကို အဖေလို့ ပြန်ခေါ်ကြတယ်'လို့ သူက ပြန်ဖြေတယ်။ 'ထူးဆန်းလိုက်တာ။ ဒါဖြင့် အမေကရော'လို့ ကျွန်တော် ပြန်မေးလိုက်တယ်။ 'ဟိုမှာလေ၊ လှေပေါ်က အခန်းလေးထဲမှာ'လို့ သူ ပြန်ဖြေတယ်။ ကျွန်တော် မတ်တတ်ထရပ်လိုက်တော့ လှေရဲ့အလယ်ပိုင်းမှာရှိတဲ့ အခန်းငယ်လေးရဲ့ ပြတင်းဝိုင်းထဲကနေ လက်တစ်ဖက် ထွက်လာပြီး ကျွန်တော့်ကို နှုတ်ဆက်နေတာ တွေ့လိုက်ရတယ်။ အဲဒီနောက်

mgyoe.com

mgyoe.com

SAMPLE BOOK


အနက်ရောင် ဇာခေါင်းစည်းပဝါနဲ့ ခေါင်းကိုပတ်ထားပြီး ကိုယ်နေဟန် အရေးအကြောင်း ပြတ်ရှ ထင်ရှားတဲ့ မိန်းမတစ်ယောက်ရဲ့ ပုံသဏ္ဍာန် ထွက်ပေါ်လာပါတယ်။ 'အမေလား'လို့ ကျွန်တော်က ပြုံးပြီး မေးလိုက်တော့ 'ရှင် ဆန္ဒရှိရင် ခေါ်ပေါ့'လို့ ပြန်ပြောတယ်။ 'ဒါပေမဲ့ ခင်ဗျားက အဖေ့ထက် အများကြီး ပိုငယ်နေပါလား'လို့ ကျွန်တော်က ထပ်မေးလိုက်တော့ 'ဟုတ်တယ်၊ အများကြီး ငယ်တာပေါ့၊ သူက ကျွန်မရဲ့အဘိုးတောင် လုပ်လို့ ရတယ်၊ ရှင်ကတော့ ကျွန်မရဲ့ယောကျ်ား လုပ်လို့ ရတယ်'လို့ ပြန်ဖြေတယ်။ ကျွန်တော် သူ့ကို ပြန်ပြောလိုက်ပါတယ် – 'ခင်ဗျား သိလား၊ ညအချိန် လှေထဲမှာ တစ်ယောက်တည်း ရှိနေမယ်ဆိုရင်၊ အဲဒီအချိန်မှာပဲ အမျိုးသမီးတစ်ယောက် ရုတ်တရက် ပေါ်လာမယ်ဆိုရင် အတော်ကို ထူးဆန်းတဲ့ကိစ္စ ဖြစ်မှာပဲ [. . .]

■

mgyoe.com

mgyoe.com SAMPLE BOOK


*အမြီးရှည်ရှည်ပါတဲ့ တိရစ္ဆာန်။* မြေခွေးအမြီးနဲ့ တူပြီး ကိုက်ပေါင်း များစွာ ရှည်လျားတယ်။ အဲသလို အမြီးမျိုး ဖြစ်တာမို့ ကျွန်တော့်ရဲ့လက်နဲ့ ထိချင် ကိုင်ချင်တယ်၊ ဒါပေမဲ့ မဖြစ်နိုင်ဘူး။ တိရစ္ဆာန်က အမြဲတမ်း ရွေ့လျားနေတယ်။ သူ့အမြီးက ဟိုနေရာမှာ ဖျတ်ခနဲ၊ ဒီနေရာမှာ ဖျတ်ခနဲ ဆိုသလို ပေါ်လာတယ်။ တိရစ္ဆာန်ဟာ သားပိုက်ကောင်တစ်ကောင်နဲ့ တူတယ်၊ ဒါပေမဲ့ သူ့ရဲ့ ဘဲဥပုံ၊ လူနဲ့ တူလုနီးပါး၊ ခပ်ပြားပြား ခပ်သေးသေး မျက်နှာပေါ်မှာ သူ့ရဲ့ သွားတွေကသာလျှင် အသက်ပါတယ်။ အဲဒီ သွားတွေကို ဖြဲထားသည်ဖြစ်စေ၊ ဝှက်ထားသည်ဖြစ်စေ သူ့ရဲ့ခံစားမှုကို မြင်ရတယ်။ အဲဒီသတ္တဝါက ကျွန်တော့်ကို ပုံသွင်း လေ့ကျင့်ပေးချင်နေတာ ဖြစ်မယ်လို့  တစ်ခါတလေ ကျွန်တော် ခံစားရတယ်။ ဟုတ်တယ်လေ၊ သူ့ရဲ့အမြီးကို ဖမ်းကိုင်ဖို့ ကျွန်တော့်လက်ကို လှမ်းလိုက်တိုင်း အမြီးကို ရုပ်ရုပ်သွားတတ်တာ၊ အဲဒီနောက် ကျွန်တော် စိတ်ပြန်ပါလာတဲ့အထိ စိတ်ရှည်ရှည် ထိုင်စောင့်နေတတ်တာ၊ ပြီးမှ နောက်တစ်ကြိမ် ခုန်ရှောင် သွားပြန်တာ စတာတွေကို လုပ်တယ်ဆိုတာမှာ တခြား ဘာအကြောင်း များ ရှိနိုင်ဦးမှာလဲ။

■

mgyoe.com

mgyoe.com

SAMPLE BOOK


*နက်တဲ့ ရေတွင်း။* အပေါ်ကို ရေပုံးရောက်လာဖို့ နှစ်ပေါင်းများစွာ ကြာတယ်။ အပေါ်ရောက်တဲ့အခါ အောက်ခြေဘက်ဆီ ချက်ချင်း ဆိုသလို ထိုးစိုက် ဆင်းသွားပြန်တယ်။ အောက်ငုံ့ပြီး လှမ်းဆွဲလို့ မမီနိုင်လောက်အောင် သူက ပိုမြန်နေတယ်။ ရေပုံးကို ကိုယ့်ရဲ့လက်ထဲမှာ ကိုင်ထားဆဲဖြစ်တယ်လို့ ထင်နေတုန်းမှာပဲ ဟိုးအဝေးဆီက ဘွမ်းခနဲ ဆိုတဲ့ ရေပွက်သံကို ကြားနေရပြီ။ ဒါပေမဲ့ အဲဒီအသံကို ခင်ဗျားက နားထောင်နေတာမှ မဟုတ်တာ။

■

mgyoe.com

mgyoe.com SAMPLE BOOK


*တောင်သူတစ်ယောက်က အဝေးပြေးလမ်းပေါ်မှာ ကျွန်တော့်ကို တားပြီး သူနဲ့အတူ သူ့အိမ်ကို လိုက်ခဲ့ဖို့ တောင်းပန်တယ်။* ကျွန်တော်က သူ့ကို ကူညီကောင်း ကူညီနိုင်မှာပါတဲ့။ သူနဲ့ သူ့မိန်းမနဲ့က ရန်ဖြစ် စကားများ ထားကြပြီး၊ အဲဒီအငြင်းပွားမှုက သူ့ဘဝကို ဖျက်ဆီးပစ်နေတယ်လို့ ပြောတယ်။ ကြီးလာတဲ့အခါမှာ ကောင်းကောင်းမွန်မွန် ဖြစ်မလာကြတဲ့ ခပ်နုံနုံ ခပ်အအ သားသမီးတွေကိုလည်း သူ မွေးထားတယ်။ အဲဒီကလေး တွေက ဟိုနား မတ်တတ်၊ ဒီနား မတ်တတ် လုပ်ရင်လုပ်၊ ဒါမှမဟုတ်ရင် တော့ ပြဿနာတစ်ခုခု ရှာဖို့ ကြံစည်နေတတ်ကြတယ်။ သူနဲ့အတူ လိုက် နိုင်ကြောင်း၊ ဒါပေမဲ့ လူစိမ်းတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ သူ့ကို ကူညီနိုင်မယ် ဆိုတာကိုတော့ သံသယဖြစ်မိကြောင်း၊ သူ့ရဲ့ သားသမီး တွေကို အသုံးကျမယ့် အလုပ်တစ်ခုခုပေးပြီး ခိုင်းစေကောင်း ခိုင်းစေနိုင်မှာ ဖြစ်ပေမဲ့ သူ့မိန်းမ ကိစ္စမှာတော့ ကျွန်တော့်အနေနဲ့ အကူအညီဖြစ်ဖို့ မသေချာတဲ့အကြောင်း ကျွန်တော် ပြန်ပြောလိုက်တယ်။ ဘာကြောင့်လဲ

mgyoe.com

mgyoe.com  SAMPLE BOOK 

ဆိုတော့ ဇနီးမယားတစ်ယောက်ရဲ့ ရန်လိုမှုဟာ ယောကျ်ားမှာရှိတဲ့ အရည်အသွေးတစ်ခုခုမှာ သွားပြီး မြစ်ဖျားခံနေတတ်တယ်။ ယောကျ်ားဖြစ်သူကလည်း လက်ရှိအခြေအနေကို မကျေနပ်ဘူးဆိုတော့ အပင်ပန်းခံပြီး သူ့ကိုယ်သူ ပြောင်းလဲဖို့ ကြိုးစားပြီး ဖြစ်လိမ့်မယ် – မအောင်မြင်တဲ့ ကြိုးပမ်းမှုပေါ့။ ဆိုတော့၊ ကျွန်တော်က ဘယ်လိုလုပ်ပြီး သူ့ထက်အောင်မြင်အောင် လုပ်ဆောင်နိုင်မှာလဲ။ အများဆုံး လုပ်နိုင်မှာဆိုလို့ မိန်းမဖြစ်သူရဲ့ အမျက်ဒေါသကို ကျွန်တော့်ဆီ လမ်းကြောင်းပြောင်းယူတာလောက်ပဲ ရှိမယ်။ အစပိုင်းမှာတော့ ကျွန်တော်ဟာ တောင်သူကို စကားလုမ်းပြောတယ် ဆိုတာထက် ကျွန်တော့်ကိုယ်ကျွန်တော် ပြောနေမိတာက ပိုများတယ်။ ကျွန်တော့်ရဲ့ ပေးဆပ်မှုအတွက် သူက ဘာပြန်ပေးမှာလဲလို့ ကျွန်တော် မေးလိုက်တယ်။ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ သဘောတူညီချက်တစ်ခု ချက်ချင်း ရယူနိုင်မှာပါလို့ သူက ပြန်ပြောတယ်။ ကျွန်တော်ကသာ သူ့အတွက် အသုံးဝင်မယ်ဆိုရင် ကျွန်တော်လိုချင်တာကို ယူပါတဲ့။ အဲဒီနေရာမှာ ကျွန်တော် တစ်ချက် ရပ်လိုက်ပြီး အဲဒီလို တိကျရေရာမှုမရှိတဲ့ ကတိစကားမျိုးက ကျွန်တော့်ကို ကျေနပ်စေနိုင်မှာ မဟုတ်ကြောင်း၊ ကျွန်တော့်ကို လစဉ်ပေးနိုင်မယ့်အရာ တစ်ခုခုကို သတ်မှတ်ပြီး တိကျတဲ့ သဘောတူညီချက်တစ်ခု လိုချင်ကြောင်း၊ ကျွန်တော် ပြောလိုက်တယ်။ လစာလိုဟာမျိုးကို ကျွန်တော်က တောင်းဆိုလာတာကြောင့် သူ အံ့အားသင့်နေတယ်။ သူ အံ့အားသင့်နေတာကိုပဲ ကျွန်တော်ကလည်း ပြန်ပြီး အံ့အားသင့်မိတယ်။ လူနှစ်ယောက် သူတို့ဘဝတစ်လျှောက်လုံး မှားယွင်းခဲ့တာကို ကျွန်တော်က နှစ်နာရီဆိုတဲ့ အချိန်အတွင်း ဖြေရှင်းပေးနိုင်လိမ့်မယ်လို့များ သူ ယူဆထားလေသလား။ ပြီးတော့ အဲဒီနှစ်နာရီ ပြီးတဲ့အခါ ကျွန်တော်က သူတို့ ပေးတဲ့ ပဲခြောက်အိတ်တစ်အိတ်ကို ယူ၊ ကျေးဇူးတင်တဲ့အနေနဲ့ သူ့ရဲ့လက်ကို နမ်း၊ ကျွန်တော့်ရဲ့ အဝတ်ဟောင်းတွေကိုပဲ ပြန်ဝတ်၊ အဲဒီနောက် ရေခဲတမျှသော လမ်းအတိုင်း ခရီးဆက်နှင်လိမ့်မယ်လို့များ သူ မျှော်လင့်ထားခဲ့လေသလား။ အဲသလိုတော့ လုံးဝ မရဘူး။ တောင်သူကြီးက ဘာစကားမှ

mgyoe.com

mgyoe.com SAMPLE BOOK


မပြောဘဲ နားထောင်တယ်။ ခေါင်းကို ငုံ့ထားတယ်၊ ဒါပေမဲ့ ဖိစီး တင်းမာနေတယ်။ ကျွန်တော် သူ့ကို ပြောလိုက်တယ် – 'ကျွန်တော် မြင်တာကတော့ ပြဿနာနဲ့ ရင်းနှီးလာအောင် ခင်ဗျားတို့နဲ့အတူ အချိန်ကြာကြာ အရင် နေကြည့်ရမယ်၊ ပြီးတော့ ဘာတွေ ပြုပြင်မလဲ တွေးရမယ်၊ အဲဒီနောက် လုပ်ငန်းကို အစီအစဉ်တကျ ဆောင်ရွက်နိုင်ဖို့ ခင်ဗျားတို့နဲ့ ထပ်ပြီး နေရဦးမယ်၊ အဲသလိုလုပ်ဖို့ ဖြစ်နိုင်တယ် ဆိုရင်တောင်မှ အဲဒီအချိန်မှာ ကျွန်တော်က အိုမင်း နွမ်းနယ်နေလောက်ပြီ၊ ဒီတော့ ဘယ်မှလည်း သွားနိုင်မှာ မဟုတ်ဘဲ အနားသာ ယူနေရပြီး ပါဝင်သူ ခင်ဗျားတို့ရဲ့ ကျေးဇူးတရားတွေကိုပဲ ခံစားနေရမှာ'။

တောင်သူက ပြန်ပြောတယ် – 'ဒါတော့ မဖြစ်နိုင်ဘူး။ ခင်ဗျားဟာက ကျုပ်ရဲ့အိမ်ထဲမှာ ပုံသေ နေရာယူပြီး၊ အဆုံးမှာ ကျုပ်ကိုတောင် မောင်းထုတ်ချင် မောင်းထုတ်မယ့် ပုံမျိုးပဲ။ ဒီလိုဆိုရင်ဖြင့် ကျုပ်မှာ တစ်ပူပေါ် နှစ်ပူဆင့် ဖြစ်ရပြီပေါ့' 'ကျွန်တော်တို့ တစ်ယောက်အပေါ် တစ်ယောက် ယုံကြည်စိတ်ချမှု မရှိဘူးဆိုရင်တော့ သဘောတူညီမှု ရမှာ မဟုတ်ဘူး။ ခင်ဗျားအပေါ်မှာ ကျွန်တော့်ဘက်က ယုံကြည်ပါကြောင်း ပြသခဲ့ပြီးပြီ မဟုတ်လား။ ကျွန်တော့်ဘက်မှာ ရှိတာကျတော့ ခင်ဗျားရဲ့ ကတိစကား တစ်ခုတည်းလေ။ ခင်ဗျားကရော အဲဒီကတိကို မဖောက်ဖျက်နိုင်ဘူးလား။ ကျွန်တော့်ဘက်ကို ခင်ဗျားရဲ့ဆန္ဒအတိုင်း စီစဉ် ဆောင်ရွက်ပြီးကာမှ ကျွန်တော့်ကို နှင်ထုတ်တာမျိုး လုပ်မလာနိုင်ဘူးလား။ ခင်ဗျားရဲ့ ကတိစကားတွေလေ'လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။ တောင်သူက ကျွန်တော့်ကို ကြည့်တယ်၊ ပြီးတော့ ပြောတယ် – 'ခင်ဗျားက အဲသလို အခြေအနေမျိုး ရောက်ခံမယ့်လူ မဟုတ်ပါဘူးဗျာ' 'ဒါဖြင့် ခင်ဗျား သဘောသာ လုပ်ပေတော့။ ကျွန်တော့်ကို ခင်ဗျား ထင်ချင်သလို ထင်ပေတော့။ ဒါပေမဲ့ ဒီတစ်ခုတော့ မမေ့နဲ့၊ သိလား – ဒါကလည်း ကျွန်တော်တို့ ယောကျ်ားချင်း ခင်မင်မှုနဲ့ ပြောတာ – အကယ်၍ ကျွန်တော့်ကို ခင်ဗျားနဲ့ မခေါ်သွားဘူးဆိုရင် အဲဒီအိမ်ထဲမှာ ခင်ဗျား သိပ်ကြာကြာ ခံမှာ မဟုတ်ဘူး။ အဲဒီမိန်းမ၊ ပြီးတော့ ကလေးတွေနဲ့အတူ ခင်ဗျား

mgyoe.com

ဘယ်လို ဆက်ပြီး နေထိုင်မှာလဲ။ ကျွန်တော့်ကို စွန့်စားပြီး ခေါ်မသွားရင် အရာအားလုံးကို လွှတ်ချ၊ အဲဒီအိမ်မှာ ခင်ဗျား ခံစားရမယ့် ဒုက္ခဝေဒနာတွေကိုလည်း လွှတ်ချပြီး၊ ကျွန်တော်နဲ့ လိုက်ခဲ့ပါလား။ ကျွန်တော်တို့ ခရီးအတူ ဆက်ကြတာပေါ့။ ခင်ဗျား ကျွန်တော့်အပေါ် သံသယရှိခဲ့တာတွေကိုလည်း အမှတ်မထားတော့ပါဘူး'လို့ ကျွန်တော်က ပြောတော့ 'ဒါမျိုးတော့ ကျုပ် လုပ်လို့ မရဘူး။ ကျုပ်ရဲ့မိန်းမနဲ့ နေလာခဲ့တာ ၁၅ နှစ် ရှိပြီ။ ခက်ခဲတာတော့ အမှန်ပဲ။ ကျုပ် ဘယ်လို နေနိုင်ခဲ့သလဲဆိုတာကို ကျုပ်ကိုယ်တိုင် သဘောမပေါက်နိုင်ဘူး ဖြစ်နေတယ်။ ဒါပေမဲ့ ကျုပ်ရဲ့မိန်းမကို သည်းခံလို့ရတဲ့အနေအထား ဖြစ်လာအောင် ရှိသမျှနည်းနဲ့ ကြိုးစားမကြည့်ရသေးပဲနဲ့တော့ ကျုပ် သူ့ကို ထားမသွားနိုင်ဘူး။ လမ်းပေါ်မှာ ခင်ဗျားကို မြင်လိုက်တော့ ခင်ဗျားနဲ့အတူ ပူးပေါင်းပြီး နောက်ဆုံး ကြိုးပမ်းမှုတစ်ခု လုပ်ကြည့်ရ ကောင်းမယ်လို့ တွေးမိတယ်။ ကျုပ်နဲ့ လိုက်ခဲ့ပါ၊ ခင်ဗျား လိုချင်တာ ဘာမဆို ပေးမယ်။ ခင်ဗျား ဘာလိုချင်သလဲ'လို့ တောင်သူက ပြန်ပြောတယ်။ 'ကျွန်တော် အများကြီး မလိုချင်ပါဘူး။ ခင်ဗျားရဲ့ အတိဒုက္ခကို အမြတ်ထုတ်ဖို့လည်း ကြံရွယ်နေတာ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော့်ကို ခင်ဗျားရဲ့ ရာသက်ပန် အလုပ်သမားအဖြစ် ခေါ်ထားစေချင်တယ်။ ကျွန်တော်က အလုပ်မျိုးစုံ လုပ်နိုင်တယ်၊ ခင်ဗျားအတွက် အသုံးဝင်မှာပါ။ ဒါပေမဲ့ တခြား အလုပ်သမားတွေလိုတော့ မဆက်ဆံစေချင်ဘူး။ ကျွန်တော့်ကို အမိန့်တွေ မပေးရဘူး၊ ကျွန်တော် လုပ်ချင်တဲ့ အလုပ်ကို လုပ်ခွင့်ပေးရမယ်။ အခု ဒါလုပ်၊ ခဏနေ ဟိုဟာလုပ်၊ ပြီးတော့ ဘာမှမလုပ်ပဲ နေပြန်ရော ဆိုတာမျိုးတွေ ရှိနိုင်တယ်။ ကျွန်တော့်သဘော ဆိုပါတော့။ နူးနူးညံ့ညံ့ ပြောဆိုပြီး ခိုင်းမယ်ဆိုရင်တော့ ကျွန်တော့်ကို ဟိုဟာ ဒီဟာ လုပ်ခိုင်းနိုင်တယ်။ ဒါပေမဲ့ ကျွန်တော်က မလုပ်ချင်ဘူးဆိုတာကို မြင်ရင် အဲဒါကို လက်ခံပြီး နောက်ဆုတ်လိုက်ပေတော့။ ကျွန်တော့်အတွက် ငွေ မလိုဘူး၊ အဝတ်အထည်ရယ်၊ အိပ်ရာခင်းစရယ်၊ ကနေ့ခေတ်ရဲ့ စံနဲ့ ညီတဲ့ ဘွတ်ဖိနပ်ရယ်ပဲ လိုတယ်။ လိုအပ်တဲ့အခါမှာ အဲဒီပစ္စည်းတွေကို အသစ်နဲ့လဲပေး

mgyoe.com

mgyoe.com SAMPLE BOOK


ရမယ်။ တကယ်လို့ အဲဒီပစ္စည်းတွေကို ခင်ဗျား နေတဲ့ရွာမှာ ရှာမရရင် ကိုယ်တိုင် မြို့တက်ပြီး ဝယ်ပေးရမယ်။ ဒါပေမဲ့ ဒီကိစ္စအတွက် မပူပါနဲ့ဗျ၊ အခု ကျွန်တော် ဝတ်ထားတဲ့ အဝတ်တွေက နှစ်တော်တော်ကြာ ခံဦးမှာပါ။ ပိုက်ဆံကတော့ ပျမ်းမျှ အလုပ်သမားလစာလောက် ရရင် ကျေနပ်ပြီ။ တစ်ခုပဲ၊ ကျွန်တော့်ကို နေ့တိုင်း အသားဟင်း ကျွေးရမယ်’လို့ ကျွန်တော် သူ့ကို ရှင်းပြ တောင်းဆိုလိုက်တယ်။ ‘အသားဟင်းကို နေ့တိုင်း ကျွေးရမယ် ဟုတ်လား’လို့ တောင်သူက ရေရွတ် မြည်တမ်းပါတယ်။ အသားဟင်း ကိစ္စက လွဲရင် ကျန်တဲ့ တောင်းဆိုမှုတွေကို ကျေနပ်တယ်ဆိုတဲ့ ပုံစံလိုလို။ ‘ဟုတ်တယ်၊ နေ့တိုင်း’လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။ ဒီအခါ တောင်သူက ပြောတယ် –‘ခင်ဗျားရဲ့ သွားတွေက ပုံမှန်မဟုတ်တာကို ကျုပ် သတိပြုမိတယ်’ ကျွန်တော့်ရဲ့ ပုံမှန်မဟုတ်တဲ့ တောင်းဆို ပြဋ္ဌာန်းချက်အတွက် ဆင်ခြေကို သူ ရှာနေတာပါ။ ကျွန်တော့်ရဲ့ သွားတွေကို ထိကြည့်ဖို့ ကျွန်တော့်ရဲ့ ပါးစပ်ထဲကိုတောင် လက်နဲ့ လှမ်းနှိုက်လိုက်ပါသေးတယ်။ ပြီးတော့ ‘အရမ်း ထက်တာပဲ။ ခွေးရဲ့ သွားလိုပဲ’လို့ ပြောတယ်။ ကျွန်တော်က ဆက်ပြောလိုက်တယ် – ‘ကဲ၊ ဘာပဲဖြစ်ဖြစ် နေ့တိုင်း အသားနော်။ ဘီယာတို့၊ အရက်တို့ဆိုလည်း ခင်ဗျား သောက်သလိုပေါ့’ ‘ဒါကတော့ သိပ်များသွားပြီ’လို့ သူ ပြန်ပြောတယ်။ ‘ကျွန်တော်က အသောက် ကြမ်းတယ်။ များလေ ကောင်းလေပဲ။ ဒီတော့ ခင်ဗျားသာ ချွေတာမယ်ဆိုရင် ကျုပ်လည်း ချွေတာမယ်။ ခင်ဗျား အခုလောက် သောက်နေတာက ခင်ဗျားရဲ့ အိမ်တွင်းရေး စိတ်ဆင်းရဲမှုတွေကြောင့်ပဲ နေမယ်’လို့ ကျွန်တော် ပြန်ပြောလိုက်တယ်။ ‘မဟုတ်သေးဘူး။ အဲဒီ နှစ်ခုက ဘယ်လိုလုပ် ဆက်စပ်သွားတာလဲ။ ဒါပေမဲ့ ကျုပ် သောက်သလောက် ခင်ဗျား သောက်ရစေမယ်ဗျာ။ ကျုပ်တို့ အတူသောက်ကြတာပေါ့’လို့ တောင်သူက ပြန်ပြောတဲ့အခါမှာ ကျွန်တော်က ‘မဖြစ်ဘူး။ တခြားလူတစ်ယောက်နဲ့ စားသောက်ဖို့ကို ကျွန်တော် ငြင်းဆိုတယ်။ ကျွန်တော် တစ်ယောက်တည်းပဲ စားမယ်၊ သောက်မယ်’လို့ ပြန်ပြောလိုက်တော့ သူက ‘တစ်ယောက်တည်းလား။ ခင်ဗျားရဲ့ ဆန္ဒတွေကို

mgyoe.com

mgyoe.com


နားထောင်ရင်း ကျုပ်တော့ ခေါင်း ချာချာလည်နေပြီ'လို့ အံ့အားတသင့်နဲ့ ပြန်ပြောတယ်။ 'ဒါက အများကြီး တောင်းဆိုထားတာ မဟုတ်ပါဘူး။ ပြီးတော့ ကျွန်တော့်စကားလည်း ဆုံးခါနီးပါပြီလေ။ မီးအိမ်ထွန်းတဲ့ ဆီကိုလည်း ကျွန်တော် လိုချင်တယ်။ ကျွန်တော့်ရဲ့ အိပ်ရာဘေးမှာ တစ်ညလုံး ထွန်းထားမယ်။ မီးအိမ်ကတော့ ဒီမှာ ရှိပါတယ်၊ အတော်သေးတဲ့ မီးအိမ်လေးပါ၊ ဘာဆီမှ သိပ်စားတာ မဟုတ်ဘူး။ စကားထဲ ထည့်ပြောဖို့တောင် မထိုက်တန်တဲ့ အရာပါ။ ဒါကို ကျွန်တော် ပြောရတယ် ဆိုတာကလည်း စေ့စေ့ငုငု ဖြစ်စေချင်လို့ပါ။ နောက်ကျမှ ကျွန်တော်တို့ နှစ်ယောက်ကြား မှာ မကျေလည်တာတွေ ဖြစ်မှာ စိုးတယ်။ ကိုယ့်ဘက်က ရစရာရှိတာ ယူရမယ့် အချိန်ကျမှ အဲဒါမျိုးတွေ ဖြစ်ရင် မကြိုက်ဘူးဗျာ။ တခြား ကိစ္စတွေ အားလုံးမှာတော့ အနူးညွတ်ဆုံး လူပါ။ ဒါပေမဲ့ သဘောတူပြီးသား ကိစ္စကို ဖောက်ဖျက်လာရင်တော့ ကျွန်တော့်ဘက်က ခပ်ကြမ်းကြမ်း တုံ့ပြန်တတ်တယ်။ အဲဒါကို သတိရပါ။ ကျွန်တော် ရသင့် ရထိုက်တာကို အကုန်အစေ့ မရဘူးဆိုရင် ခင်ဗျား အိပ်နေတုန်း ခင်ဗျားရဲ့အိမ်ကို မီးရှို့ တာမျိုးလည်း လုပ်နိုင်စွမ်း ရှိတယ်။ တကယ်တော့လည်း သဘောတူ ထားပြီးသား ကိစ္စတွေကို ခင်ဗျားဘက်က ငြင်းနေစရာလည်း မလိုပါဘူး။ အကယ်၍ ခင်ဗျားကသာ ကျွန်တော့်အပေါ် စေတနာထားပြီး လက်ဆောင် လေး ဘာလေးကို ရံဖန်ရံခါ ပေးမယ်ဆိုရင် – အဲဒီလက်ဆောင် ဆိုတာ ကလည်း တန်ဖိုးအများကြီးရှိဖို့ မလိုပါဘူး၊ ထူးထူးခြားခြား သေးသေး မွှားမွှားလည်း ဖြစ်တယ် – အဲသလိုဆိုရင် ကျွန်တော် ခင်ဗျားအပေါ်မှာ သစ္စာရှိမယ်၊ အပင်ပန်းခံမယ်၊ ပုံစံမျိုးစုံနဲ့ အသုံးဝင်အောင် နေမယ်။ ကျွန်တော့်ဘက်က ကျွန်တော် အခု ပြောခဲ့တာတွေထက်လည်း ဘာတစ်ခုမှ ပိုမလိုချင်ပါဘူး။ ကျွန်တော် နာမည်ယူထားတဲ့ သူတော်စင်ရဲ့နေ့ ဩဂုတ် လ ၂၄ ကျရင်တော့ ရမ် နှစ်ဂါလန်ပါတဲ့ စည်ပိုင်းတစ်လုံး လိုချင်တယ်' လို့ ကျွန်တော်က ပြောလိုက်တော့ တောင်သူက 'နှစ်ဂါလန်တောင်မှလား' လို့ လက်ဖဝါးနှစ်ဖက်ကို ရိုက်ရင်း မြည်တမ်းတယ်။ 'ဟုတ်တယ်၊ နှစ် ဂါလန်ဗျ။ သိပ်အများကြီး မဟုတ်ပါဘူး။ ခင်ဗျားကတော့ ထင်ကောင်း

mgyoe.com

mgyoe.com SAMPLE BOOK


ထင်မယ်၊ ကျွန်တော့်ကို ဈေးနှိမ်ပြီး ခေါ်နိုင်မယ်ပေါ့လေ။ ဒါပေမဲ့ဗျာ၊ အခုတောင်မှ ကျွန်တော့်ဘက်က လျှော့ပေးနေတာ ကျွန်တော့်အတွက် အရိုးအရင်းပဲ ကျန်ပါတော့တယ်။ ဒါကလည်း ခင်ဗျားကို လေးစားလို့။ ကျွန်တော်တို့ ပြောနေတာတွေကို လူစိမ်းတစ်ယောက်သာ ကြားသွားမယ် ဆိုရင် ကျွန်တော်တော့ အရမ်းကို ရှက်မိမှာ။ လူစိမ်းတစ်ယောက်ရဲ့ အရှေ့မှာဆိုရင် အခု ပြောနေသလိုမျိုးလည်း ကျွန်တော် ပြောထွက်မှာ မဟုတ်ဘူး။ ဒီတော့ ကျွန်တော်တို့ရဲ့ သဘောတူညီချက်တွေကို ဘယ်သူမှ မကြားစေနဲ့။ ကြားခဲ့ရင်လည်း ဘယ်သူက ယုံမှာတဲ့လဲ'လို့ ကျွန်တော် ပြောလိုက်ပါတယ်။ ဒါပေမဲ့ တောင်သူက ပြောတယ် – 'ခင်ဗျား ကိုယ့် ခရီး ကိုယ်ဆက်ရင် ပိုကောင်းမယ်ဗျာ။ ကျုပ်လည်း အိမ်ပြန်ပြီး မိန်းမကို ချော့မယ်။ အခုတလော ကျုပ် သူ့ကို အကြိမ်ကြိမ် ရိုက်နှက်ခဲ့တယ် ဆိုတာတော့ အမှန်ပဲ။ အဲဒါကို နည်းနည်းလျှော့ရမယ် ထင်တယ်။ မိန်းမ က ကျုပ်ကို ကျေးဇူးတင်ချင် တင်လာလိမ့်မယ်။ ကလေးတွေကိုလည်း မတရား ရိုက်နှက်ခဲ့တယ်ဆိုတာ ကျုပ် မငြင်းပါဘူး။ မြင်းဇောင်းထဲက ကျာပွတ်ကို ယူပြီး ရိုက်ခဲ့တာပေါ့။ အဲဒါကိုလည်း နည်းနည်းလျှော့မယ် ဆိုရင် အခြေအနေတွေ တိုးတက်လာလိမ့်မယ်။ ဝန်ခံရမှာ တစ်ခုက ဒါ တွေကို ကျုပ် အရင်က လုပ်ခဲ့ဖူးပြီး ဘာတိုးတက်မှုမှ မရခဲ့ဘူး။ ဒါပေမဲ့ ခင်ဗျားရဲ့ တောင်းဆိုမှုတွေက များလွန်းတယ်။ ဟင့်အင်း၊ မများဘူး ဆိုရင်တောင် ကျုပ်ရဲ့လုပ်ငန်းက သယ်နိုင်တဲ့ ဝန်ထက် ပိုနေတယ်။ နေ့တိုင်း အသားဟင်းတို့၊ ရမ် နှစ်ဂါလန်တို့ ဆိုတာတွေကလည်း မဖြစ် နိုင်ဘူး။ ဖြစ်နိုင်မယ် ဆိုရင်တောင် ကျုပ်ရဲ့မိန်းမက ဘယ်တော့မှ ခွင့်ပြု မှာ မဟုတ်ဘူး။ သူ ခွင့်မပြုဘူးဆိုရင် ကျုပ် လုပ်လို့ မရဘူး' ဒီအခါ 'ဒါဖြင့် ဘာကြောင့် အကြာကြီး ညှိနှိုင်းနေရတာလဲဗျာ'လို့ ကျွန်တော် ပြန်ပြောလိုက်တယ် [. . .]

■

mgyoe.com

mgyoe.com
SAMPLE BOOK


*ကောင်မလေးတစ်ယောက်ကို ကျွန်တော်ချစ်ခဲ့တယ်။* ကောင်မလေးက လည်း ကျွန်တော့်ကို ပြန်ချစ်တယ်။ ဒါပေမဲ့ ကျွန်တော် သူ့ကို ထားခဲ့မှ ရတော့မယ်။

ဘာကြောင့်လဲ။

ကျွန်တော်လည်း မသိဘူး။ ဖြစ်ပျက်နေပုံက အဲဒီကောင်မလေးကို လက်နက်ကိုင်ဆောင်ထားတဲ့ ယောကျ်ားတွေက ဝိုင်းပတ် ကာထားပြီး သူတို့ရဲ့ လုံဖျားတွေကို အရပ်ရှစ်မျက်နှာဆီ ချိန်ရွယ်ထားသလိုမျိုးပဲ။ ကျွန်တော့်ဘက်က ဘယ်လိုပဲ ချဉ်းကပ် ချဉ်းကပ် သူတို့ရဲ့ လုံဖျားချွန်ချွန်တွေနဲ့ပဲ ပက်ပင်းတိုး၊ ဒဏ်ရာရ၊ ပြီးတော့ လက်လျှော့လိုက်ရတယ်။ ကျွန်တော် အလွန်အမင်း ခံစားခဲ့ရတယ်။

ဒီအတွက် အဲဒီကောင်မလေးမှာ ဘာတာဝန်မှ မရှိဘူးလား။

မရှိဘူးလို့ ထင်ပါတယ်။ တကယ်မရှိဘူး ဆိုတာကိုလည်း ကျွန်တော် သိတယ်။ အထက်မှာ ပြောခဲ့တဲ့ နှိုင်းယှဉ်မှုက ဇာတ်လမ်းတစ်ပုဒ်

mgyoe.com

mgyoe.com SAMPLE BOOK


လုံး မဟုတ်သေးဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ကိုယ်တိုင်လည်း လက်နက်ကိုင် ယောကျ်ားတွေရဲ့ ဝိုင်းရံမှုကို ခံခဲ့ရလို့ပါ။ ဒါပေမဲ့ သူတို့ရဲ့ လုံ့ဖျားတွေကို ကျွန်တော့်ဘက် ရွယ်ပြီး ပြောင်းပြန် ချိန်ထားတယ်။ ကောင်မလေးဆီကို ကျွန်တော် ချဉ်းကပ်တဲ့အခါ ကျွန်တော့်ရဲ့လူတွေပဲ ဖြစ်တဲ့ အဲဒီ လက်နက်ကိုင် ယောကျ်ားတွေရဲ့ လုံ့ကြားမှာ ချက်ချင်း ပိတ်မိပြီး ရှေ့တိုးလို့ မရ ဖြစ်သွားပါတယ်။ ကျွန်တော်ကိုယ်တိုင်က ကောင်မလေးရဲ့ လက်နက်ကိုင် ယောကျ်ားတွေ အနားကို ရောက်မသွားခဲ့တာလည်း ဖြစ်နိုင်တယ်။ တကယ်လို့ သူတို့အနား ရောက်သွားခဲ့မယ်ဆိုရင်လည်း ကျွန်တော်ဟာ ကိုယ့်လူတွေရဲ့ လုံ့စွပ်ဖျားမှာ သွေးအလိမ်းလိမ်း ထွက်ပြီး အသိ ပျောက်နေလောက်ပြီ။

ဒါဖြင့် ကောင်မလေးတစ်ယောက်တည်း ကျန်ရစ်ခဲ့သလား။

မကျန်ရစ်ဘူး၊ နောက်ထပ် ပိုးပန်းသူတစ်ယောက်က သူ့ဆီကို အတားအဆီးမဲ့ လွယ်လွယ်ကူကူ ရောက်ရှိသွားတယ်။ အားထုတ်ကြိုးပမ်းထားရလို့ မောပန်း နွမ်းနယ်ပြီဖြစ်တဲ့ ကျွန်တော်ဟာ သူတို့နှစ်ယောက် ပထမဆုံးအကြိမ် အနမ်းဖလှယ်စဉ် မျက်နှာနှစ်ခု ထိတွေ့တဲ့နေရာက လေထုလိုပဲ ကိုယ့်ကိုယ်ကိုယ် သဘောထားပြီး ဘာမှ မဖြစ်သလို ဆက်ကြည့်နေလိုက်တယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

*Edthofer ဟိုတယ်မှာ ကျွန်တော် တည်းနေတယ်။* Albian Edthofer ဒါမှမဟုတ် Cyprian Edthofer – အဲသလို နာမည်မျိုးပဲ။ နာမည် တစ်ခုလုံးကိုတော့ ကျွန်တော် မမှတ်မိဘူး၊ အဲဒီဟိုတယ်ကို နောက်တစ်ကြိမ် ရှာမယ် ဆိုရင်လည်း တွေ့ချင်မှ တွေ့နိုင်မှာ။ ဟိုတယ်ကတော့ အကြီးကြီး ပါ။ အဆင့်မီတဲ့ ပရိဘောဂတွေနဲ့ အကောင်းဆုံး အလှဆင်ထားပြီး၊ အကောင်းဆုံး စီမံခန့်ခွဲ လည်ပတ်တယ်။ တည်းခိုစဉ် တစ်ပတ်ကာလ အတွင်း ဟိုတယ်မှာ သိပ်တောင်မရှိတဲ့ ကျွန်တော့်ကို ညတိုင်းနီးပါး အခန်းပြောင်းခိုင်းရတဲ့ အကြောင်းရင်းကိုလည်း ကျွန်တော် မမှတ်မိဘူး။ ဒီတော့ ကျွန်တော့်အခန်းက ဘယ်အခန်းလဲဆိုတာကို မသိတာ များတယ်။ နေ့ဘက်ဖြစ်ဖြစ်၊ ညမှာဖြစ်ဖြစ် ဟိုတယ်ကို ပြန်ရောက်တဲ့အခါ ကျွန်တော့် အခန်း ဘယ်အခန်းလဲလို့ ဟိုတယ်အလုပ်သမကို မေးရတယ်။ ကျွန် တော် ရနိုင်တဲ့ အခန်းတွေအားလုံးက အထပ်တစ်ထပ်တည်း၊ ကော်ရစ်ဒါ လမ်း တစ်ခုတည်းပေါ်မှာရှိလို့ တော်သေးတယ် ဆိုရမယ်။ ကော်ရစ်ဒါ

mgyoe.com

mgyoe.com SAMPLE BOOK


လမ်းကလည်း များများစားစား မရှိဘူးဆိုတော့ ကျွန်တော့်ရဲ့ ကော်ရစ်ဒါကို ရှာတဲ့အခါ သိပ်ကြာကြာ မရှာရဘူး။ ဟိုတယ်ရဲ့ဂုဏ်အင်ကို ဖြည့်ဆည်းပေးတဲ့ အရာဆိုလို့ အဲဒီကော်ရစ်ဒါလမ်းပဲ ရှိပြီး ကျန်တဲ့ အဆောက်အအုံတစ်ခုလုံးက တိုက်ခန်းတွေချည်းပဲ ဆိုတာမျိုးများလား။ ကျွန်တော်တော့ မမှတ်မိဘူး၊ အဲဒီမှာ ရှိနေတုန်းကလည်း သိချင်မှ သိခဲ့မှာ၊ ကျွန်တော့်အတွက် အနှောင့်အယှက် မဖြစ်ခဲ့ဘူးကိုး။ တိုက်ခန်းတွဲတစ်ခု ဖြစ်ဖို့ကတော့ ခဲယဉ်းလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအဆောက်အအုံရဲ့ ရှေ့မျက်နှာစာမှာ သတ္တုစာလုံးကြီးတွေ ရှိတယ်။ အက္ခရာတွေကို တစ်ခုနဲ့တစ်ခု အတော်ခွဲထားပြီး အရောင်ကလည်း သိပ်မတောက်ဘူး။ Hotel ဆိုတဲ့ စကားလုံးကို ဟိုတယ်ပိုင်ရှင်နာမည်နဲ့ တွဲပြီး ဖော်ပြထားတဲ့ နီကြင့်ကြင့်အရောင် သတ္တုအမှိန်သား ဖြစ်တယ်။ နေဦး၊ တကယ်က Hotel ဆိုတာ မပါဘဲ ပိုင်ရှင်ရဲ့ နာမည်ကိုပဲ ရေးထားတာများလား။ အဲဒါ ဖြစ်နိုင်တယ်၊ မရှင်းလင်းတဲ့ကိစ္စ တစ်စုံတစ်ရာအတွက်လည်း အထောက်အကူ ဖြစ်နိုင်တဲ့ အချက်ပဲ။ ရှင်းလင်းခြင်းမရှိတဲ့ ကျွန်တော့်ရဲ့ မှတ်ဉာဏ်ကတော့ Hotel ဆိုတဲ့ စကားလုံး ပါတယ်လို့ပဲ ကနေ့အထိ တွေးခိုင်းနေတုန်းပါ။ အရာရှိတွေ အများကြီး အဲဒီမှာ တည်းတယ်။ ကျွန်တော့်ရဲ့ နေ့အချိန် အများစုကတော့ မြို့ထဲမှာပဲ ကုန်ဆုံးခဲ့တာပေါ့လေ။ ကျွန်တော့်မှာ ကြည့်စရာတွေ၊ လုပ်စရာတွေကလည်း အများသားကိုး။ ဒီတော့ ဟိုတယ်ကို စောင့်ကြည့် အကဲခတ်ဖို့ အချိန်မရှိပါဘူး။ ဒါပေမဲ့ အရာရှိတွေ အများကြီးကိုတော့ အဲဒီမှာ တွေ့ခဲ့ရတယ်။ ဟိုတယ်နဲ့ ကပ်လျက်မှာ ဒါမှမဟုတ် လုံးလုံး ကပ်လျက်ကြီး မဟုတ်တဲ့ အနေအထားမှာ စစ်တန်းလျားတစ်ခု ရှိတယ်ဆိုတဲ့ အချက်ကို လက်ခံ စဉ်းစားမယ်ဆိုရင် ဟိုတယ်နဲ့ စစ်တန်းလျား ကြားမှာရှိတဲ့ ပတ်သက်မှုဟာ တစ်မျိုး တစ်ဘာသာလို့ ဆိုရမယ် – ထွေးရောယှက်တင်လည်း ဖြစ်တယ်၊ ခပ်ခွာခွာဆိုလည်း ဟုတ်တယ်။ အချိန်တွေ ဝေးကွာခဲ့ပြီဆိုတော့ ပြန်ပြီး ဖော်ပြဖို့ခက်တယ်၊ အဲဒီမှာ ရှိနေစဉ်တုန်းကလည်း မလွယ်ကူပါဘူး၊ အဲသလို နားလည်ရ ခက်ခဲခြင်းက ကျွန်တော့်ကို တစ်ခါတစ်ရံ ဒုက္ခပေးတတ်

mgyoe.com

ပေမဲ့လည်း အဲဒီဟိုတယ်နဲ့ စစ်တန်းလျားကြားက ပတ်သက်မှုကို အနက် ဖွင့် သတ်မှတ်ဖို့ အလေးအနက်ထားပြီး မလုပ်ခဲ့မိဘူး။ မြို့ကြီးပြကြီး ရဲ့ စီစီညံညံ အသံတွေနဲ့အတူ ကျွန်တော့်ရဲ့ခေါင်းထဲမှာ လိုက်ပါ စီညံ ရင်း ညဘက် ပြန်လာတဲ့အခါ ဟိုတယ်ဝင်ပေါက်ကို ရှာမတွေ့တာမျိုး ကြုံရတတ်တယ်။ ဝင်ပေါက်က အတော် သေးတယ်လို့ ထင်စရာ ရှိတယ်၊ အဲဒါကတော့ အမှန်ပဲ။ ဝင်ပေါက်ရယ်လို့ သတ်သတ်မှတ်မှတ် မရှိတာ မျိုးလည်း ဖြစ်နိုင်တယ် – အဲသလိုဆိုရင် အတော်တော့ ထူးဆန်းမှာပဲ။ ဟိုတယ်ထဲကို ဝင်မယ်ဆိုရင် စားသောက်ဆိုင်တစ်ခုထဲကို အရင် ဝင်ပြီးမှ ရောက်တယ်။ ဒီလိုဆိုပေမဲ့လည်း စားသောက်ဆိုင်တံခါးကို အမြဲတမ်း လွယ်လွယ်ကူကူ ရှာတွေ့တာ မဟုတ်ဘူး။ တစ်ခါတစ်ရံ ဟိုတယ်ရဲ့ အရှေ့မှာ ရပ်နေတယ်လို့ ကိုယ့်ဟာကိုယ် ထင်နေပေမဲ့ တကယ်တမ်းမှာ တော့ ဟိုတယ်နဲ့ လုံးဝ ကွာခြားတဲ့ မြေကွက်လပ်တစ်ခုပေါ်က စစ်တန်း လျားရဲ့ အရှေ့မှာ ရပ်နေတာ ဖြစ်နေတယ်။ ဟိုတယ်ရဲ့ မျက်နှာချင်း ဆိုင်က မြေကွက်လပ်ထက် ပိုပြီး တိတ်ဆိတ်၊ ပိုပြီး သန့်ရှင်းတယ်။ ဟုတ်တယ်၊ တစပြင်လို တိတ်ဆိတ်ပြီး အံ့မခန်း သန့်ရှင်းတယ်။ ဒါပေမဲ့ လည်း တခြားနေရာနဲ့ အမှားခံရအောင်တော့ တစ်နည်းတစ်ဖုံ လုပ်နိုင်စွမ်း သေးတယ်။ အဲဒီနောက် ဟိုတယ်အရှေ့ကို ရောက်ဖို့အတွက် ထောင့်ချိုး အတိုင်း ပတ်ပြီး သွားရတယ်။ အခုနေ ပြန်စဉ်းစားရင် တစ်ခါတစ်ရံမှာ – တစ်ခါတစ်ရံပဲ ဖြစ်မယ် ဆိုတာကိုတော့ ဝန်ခံရမယ် – အဲဒီ တိတ်ဆိတ် တဲ့ မြေကွက်လပ်ကနေ သွားပြီး ဟိုတယ်ဝင်ပေါက်ဆီ တန်းတန်းမတ်မတ် ရောက်နိုင်တယ်။ အဲဒီလမ်းအတိုင်း သွားမယ့် အရာရှိတစ်ယောက်ရဲ့ အကူအညီနဲ့ပဲဖြစ်ဖြစ် ဆိုပါတော့။ ဟိုတယ်ရဲ့ ဒုတိယ ဝင်ပေါက်တို့၊ နောက်ဖေးပေါက်တို့ မဟုတ်ဘူး။ စားသောက်ဆိုင်ထဲကနေ သွားရတဲ့ တံခါးပေါက်ကို ပြောတာ။ ကျဉ်းမြောင်းပြီး ပုံမှန်မဟုတ်လောက်အောင် မြင့်တဲ့ တံခါး၊ အတွင်းဘက်ကို အိညက်တဲ့ ဖဲသားနဲ့ အနားကွပ်ထားတဲ့ အကောင်းစား အဖြူရောင် ပိတ်သားပါး ကန့်လန့်ကာတစ်ခုနဲ့ ဖုံးအုပ် ထားတဲ့ တံခါးပါ။ ဟိုတယ်နဲ့ စစ်တန်းလျားတို့ဟာ ဘယ်အချိန်ပဲ

mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်ကြည့် ပီပီပြင်ပြင် ထင်ထင်ရှားရှားရှိတဲ့ အဆောက်အအုံနှစ်ခုအဖြစ် အချိန်တိုင်း ရှိနေတယ်။ ဟိုတယ်မှာက မြင်နေကျ ဟိုတယ်တွေရဲ့ ဟိတ်ဟန်မျိုး ရှိတယ်။ မငြင်းသာတဲ့ အချက်ကတော့ ဘဏ္ဍာရေးလုပ်ငန်းနဲ့ ဆိုင်တဲ့ အဆောက်အအုံဆန်ဆန် အငွေ့အသက်မျိုး ရှိနေတယ်။ စစ်တန်းလျားကတော့ ရှိမန် ရဲတိုက်ဟောင်းတွေလိုပဲ ခပ်နိမ့်နိမ့်နဲ့ ကျူးကျော်အိမ်ရာ ဆန်တယ်။ အဲဒီစစ်တန်းလျား ရှိလို့လည်း အရာရှိတွေကို အချိန်ပြည့် မြင်နေရတာပေါ့။ သာမန် တပ်သားတွေကိုတော့ အရိပ်အယောင်တောင် မမြင်ရဘူး။ အဲဒီ ရဲတိုက်လိုလို အရာက စစ်တန်းလျားဖြစ်တယ်ဆိုတာကို ကျွန်တော် ဘယ်ပုံဘယ်နည်း သိခဲ့သလဲဆိုတာ အခု မမှတ်မိတော့ဘူး။ ဒါပေမဲ့ ၎င်းနဲ့ ကြုံကြိုက်တဲ့ ရံဖန်ရံခါ အချိန်တွေမှာ ၎င်းရဲ့ အကြောင်းကို တွေးဖို့ အချိန်ရခဲ့တယ်။ အထက်မှာ ပြောခဲ့သလိုပဲ တိတ်ဆိတ်တဲ့ မြေကွက်လပ်ကို ပတ်လျှောက်ပြီး ဟိုတယ်တံခါးကို ဒေါသတကြီး ရှာနေခိုက်ပေါ့။ ဟိုတယ်ရဲ့ ကော်ရစ်ဒါလမ်းပေါ်ကို ရောက်သွားပြီဆိုရင်တော့ ကျွန်တော်ဟာ အိမ်ကို လွတ်လွတ်ကျွတ်ကျွတ် ပြန်ရောက်ခဲ့ပြီပေါ့။ တကယ်လည်း ကိုယ့်အိမ်ကိုယ့်ရာလို ခံစားခဲ့ရတာပါ။ သူစိမ်းဆန်တဲ့ မြို့ကြီးတစ်ခုမှာ အဲသလောက် နွေးထွေးသောင်းဖျတဲ့ နေရာထိုင်ခင်းကို ရှာတွေ့ခဲ့တာကြောင့် ကျေနပ် ပျော်ရွှင်နေတယ်။

■

mgyoe.com

mgyoe.com
SAMPLE BOOK


*ဒီမှာ စောင့်နေတဲ့လူတွေ အများကြီးပဲ။* အမှောင်ထုထဲကို ဝင်ရောက်ပျောက်ကွယ်သွားတဲ့ ရောမ လူအုပ်ကြီး။ သူတို့က ဘာလိုချင်တာလဲ။ သူတို့မှာ တောင်းဆိုချင်တဲ့အရာတွေ ရှိတယ် ဆိုတာတော့ ထင်ရှားတယ်။ သူတို့ ပြောတာကို ကျုပ် နားထောင်မယ်၊ ပြီးရင် ပြန်ကြားစရာ ရှိတာကို ပြန်ကြားပေးမယ်။ ဆင်ဝင်ဘက်ဆီကိုတော့ ကျုပ် ထွက်မှာ မဟုတ်ဘူး။ ထွက်ချင်ခဲ့ရင်တောင် ထွက်လို့ ရမှာ မဟုတ်ဘူး။ ဆောင်းတွင်းဆိုရင် ဆင်ဝင်တံခါးကို သော့ခတ်ပြီး ပိတ်ထားလေ့ ရှိတယ်၊ ပြီးတော့ သော့ကလည်း တခြား တစ်နေရာမှာ။ ပြတင်းပေါက်နားကိုလည်း ကျုပ် သွားမှာ မဟုတ်ဘူး။ ဘယ်သူနဲ့မှ တွေ့မှာ မဟုတ်ဘူး၊ အုတ်အော်သောင်းတင်းဖြစ်မှု တစ်ခုလောက်ကို ခေါင်းလှည့်ပြီး ကြည့်နေမှာ မဟုတ်ဘူး၊ ကျုပ်ရဲ့စားပွဲက ကျုပ် ရှိနေရမယ့် နေရာ။ ခေါင်းကို လက်နှစ်ဖက်နဲ့ ထောက်ပြီး နေတာက ကျုပ်ရဲ့ အမှုအရာ။

■

mgyoe.com

mgyoe.com SAMPLE BOOK


*အထူးတန်း ဧရိယာမှာ မိန်းမဖြစ်သူနဲ့ ဘေးချင်းကပ်ပြီး ကျွန်တော် ထိုင်နေတယ်။* စိတ်လှုပ်ရှားစရာကောင်းတဲ့ ပြဇာတ်တစ်ခုကို ကြည့်နေကြတာ ဖြစ်တယ်၊ မနာလိုစိတ်အကြောင်း သက်သက်ပဲ၊ အရောင်တောက်ပနေတဲ့ တိုင်လုံးကြီးတွေ ရှိတဲ့ ခန်းမကျယ်ကြီး တစ်ခုထဲမှာ ယောကျ်ားတစ်ယောက်က သူ့ဆီကနေ လှည့်ထွက်သွားတဲ့ ဇနီးဖြစ်သူကို ထိုးဖို့အတွက် ဓားမြှောင်တစ်လက်ကို မြှောက်ကိုင်ထားတယ်။ ကျွန်တော်လည်း နေမထိ ထိုင်မသာ ဖြစ်လာလို့ ခန္ဓာကိုယ်ကို ကိုင်းပြီး အရှေ့မှာ ကာထားတဲ့ နံရံနိမ့်ကို မှီလိုက်တယ်။ ကျွန်တော့်မိန်းမရဲ့ ဆံနွယ်ရစ်ကလေးတစ်ခုက ကျွန်တော့်ရဲ့ နားသယ်ကို လာထိတယ်။ ပြီးတော့ ချက်ချင်းဆိုသလိုပဲ ကျွန်တော်တို့ နှစ်ယောက်စလုံး အနောက်ဘက်ကို ပြန်ယိုလိုက်ကြတယ်။ ကတ္တီပါဖုံး နံရံနိမ့်ရဲ့ လက်တန်းလို့ ကျွန်တော်တို့ ယူဆထားခဲ့တဲ့ အရာဟာ တကယ်တော့ ပိန်ပိန်ရှည်ရှည် လူတစ်ယောက်ရဲ့ ကျောကုန်း ဖြစ်နေတယ်။ နံရံနိမ့်ရဲ့ လက်တန်းလိုပဲ ပါးလှပ်တဲ့ အဲဒီ

mgyoe.com

mgyoe.com

SAMPLE BOOK


လူဟာ စောစောလေးတုန်းကတော့ မှောက်လျက် အိပ်နေခဲ့တာဖြစ်ပြီး အခုတော့ ပုံစံပြောင်းဖို့အတွက် ကိုယ်ကို လှည့်လိုက်တယ်။ ထိတ်လန့်သွားတဲ့ ကျွန်တော့်ရဲ့မိန်းမက ကျွန်တော့်ရဲ့လက်မောင်းကို လှမ်းကိုင်တယ်။ အဲဒီလူရဲ့မျက်နှာက ကျွန်တော့်ရဲ့မျက်နှာနဲ့ တော်တော်ပဲ နီးတယ်၊ ကျွန်တော့်ရဲ့လက်ဖဝါးထက် ပိုမကြီးတဲ့ မျက်နှာပါ၊ ဖယောင်းလို သန့်ရှင်းဝင်းမွတ်နေတယ်၊ ပြီးတော့ အနက်ရောင် မုတ်ဆိတ်ငုတ်တိုတစ်ခု ရှိတယ်။ 'ဘာလို့ အထိတ်တလန့်ဖြစ်အောင် လုပ်ရတာတုံးဗျ။ ခင်ဗျား ဒီမှာ ဘာလုပ်နေတာလဲ ပြောစမ်း'လို့ ကျွန်တော် မေးလိုက်တယ်။ 'ခွင့်လွှတ်ပါဗျာ၊ ကျွန်တော်က ခင်ဗျားရဲ့မိန်းမကို သဘောကျနေသူပါ။ ကျွန်တော့်ရဲ့ နံရိုးတွေကို သူ့ရဲ့တံတောင်နဲ့ ထိမိလို့ ပေါ်လာတဲ့ အထိအတွေ့က သိပ်ပြီး သာယာချင်စရာ ကောင်းတယ်ဗျာ'လို့ အဲဒီလူက ပြန်ပြောတော့ 'အီမေးလ်ရေ၊ ငါ့ကို ကာကွယ်ပါဦး'လို့ ကျွန်တော့်ရဲ့မိန်းမက အော်တယ်။ 'ကျွန်တော့်နာမည်လည်း အီမေးလ်ပဲ'လို့ ခေါင်းကို လက်တစ်ဖက်နဲ့ ထောက်ပြီး အဲဒီမှာ လှဲနေတဲ့ အဲဒီလူက ဝင်ပြောတယ်။ မသိရင် မြင်းလှည်းတစ်စီးပေါ်မှာ လဲလျောင်းနေတဲ့ ပုံမျိုး။ 'ဒီကို လာပါလား၊ ချစ်ဇနီးလေး'လို့ အဲဒီလူက ပြောတယ်ဆိုရင်ပဲ 'အလေနတောကောင်၊ မင်းရဲ့ ပါးစပ်က နောက်ထပ် စကားတစ်လုံး ထပ်ထွက်တာနဲ့ အောက်ဘက်က ရေ့ဆုံးတန်းနားကို ရောက်သွားစေရမယ်'လို့ ကျွန်တော် ငေါက်ငမ်းလိုက်တယ်။ ဒါပေမဲ့ အဲဒီလူရဲ့ပါးစပ်က စကားလုံးတွေ ထွက်လာဦးမှာ သေချာနေတဲ့အတွက် ကျွန်တော် သူ့ကို နံရံနိမ့်ပေါ်ကနေ တွန်းချဖို့ ကြိုးစားတယ်။ ဒါပေမဲ့ မလွယ်ကူဘူး၊ အဲဒီလူဟာ နံရံနိမ့်ရဲ့အစိတ်အပိုင်းတစ်ခုလို ဖြစ်နေတယ်၊ နံရံထဲကို တစ်နည်းနည်းနဲ့ ထည့်ပြီး တည်ဆောက်ထားတာမျိုးပေါ့။ ကျွန်တော်က သူ့ကို လိမ့်ပြီး တွန်းချပစ်ချင်နေတယ်၊ ဒါကို သူကတော့ ရယ်နေလေရဲ့။ 'ရပ်လိုက်ပါတော့၊ လူ့အန္တရယ်၊ ခင်ဗျားရဲ့ အားတွေ ကုန်သွားပါ့မယ်၊ တိုက်ပွဲက အခုမှ စတုန်း ရှိသေးတယ်။ ခင်ဗျားရဲ့မိန်းမက ကျုပ်ရဲ့ဆန္ဒတွေကို ဖြည့်ဆည်းမပေးမချင်း တိုက်ပွဲက ဆက်ရှိနေမှာ'လို့ ကျွန်တော့်ကို ပြောတယ်။ 'ဘယ်တော့မှ မရဘူး'လို့

mgyoe.com

mgyoe.com SAMPLE BOOK


ကျွန်တော့်မိန်းမက အဲဒီလူကို အော်ပြောပြီး 'သူ့ကို တွန်းချလိုက်စမ်းပါ' လို့ ကျွန်တော့်ဘက် လှည့်ပြောတယ်။ 'မရဘူးဟ၊ ငါ ဘယ်လောက် ကြိုးစားပြီး တွန်းနေတယ်ဆိုတာ နင်လည်း အမြင်ပဲ။ လှည့်ကွက်တစ်ခုခု တော့ ရှိနေတယ်။ ငါ သူ့ကို တွန်းလို့ မရဘူးဟဲ့'လို့ မိန်းမဖြစ်သူကို ပြန်အော်လိုက်တယ်။ 'အမယ်လေး၊ ကျွန်မတော့ ဘယ်လို ဘဝမျိုး ရောက်ရဦးမယ် မသိပါဘူး'လို့ ကျွန်တော့်မိန်းမက မြည်တမ်းတယ်။ ကျွန်တော် သူ့ကို ပြောလိုက်တယ် – 'စိတ်လျှော့ပါဦးဟ၊ နင် အခုလို အော်ဟစ်နေတာက ပြဿနာကို ပိုဆိုးစေလိမ့်မယ်။ ငါ့မှာ အကြံအစည် တစ်ခု ရှိတယ်၊ ငါ့ရဲ့ဓားကို ထုတ်ပြီး ကတ္တီပါဖုံးကို လှီးပစ်လိုက်မယ်၊ ပြီးတော့ အဲဒီဟာ တစ်ခုလုံးကို တွန်းပစ်လိုက်မယ်၊ အဲဒီလူလည်း ပါသွား လိမ့်မယ်' ဒါပေမဲ့ ကျွန်တော့်ရဲ့ဓားကို ရှာမရပါဘူး။ 'ငါ့ရဲ့ဓားကို ဘယ်မှာ ထားလိုက်သလဲဆိုတာ နင် မှတ်မိလား။ ကုတ်အင်္ကျီ အိတ်ထဲမှာများ ကျန်ခဲ့သလား မသိဘူး'လို့ ပြန်မေးရင်း ကုတ်အင်္ကျီတွေ ထားခဲ့တဲ့ နေရာဆီ ပြေးဖို့ ကျွန်တော် ဟန်ပြင်လိုက်တယ်။ အဲဒီအခိုက်မှာပဲ ကျွန်တော့်မိန်းမ ပြောလိုက်တဲ့ စကားကြောင့် ကျွန်တော် အသိပြန်ဝင် လာတယ်။ 'နင် ငါ့ကို ဒီမှာ တစ်ယောက်တည်း ထားခဲ့မှာလား၊ အိမ်မေးလ် ရဲ့'လို့ မိန်းမက အော်လိုက်ပါတယ်။ 'ဒါပေမဲ့ ငါ့မှာ ဓားမရှိဘူးဟဲ့ ...' လို့ ကျွန်တော် ပြန်အော်လိုက်တော့ ကျွန်တော့်ရဲ့မိန်းမက 'ငါ့ဓားကို ယူ' လို့ ပြောပြီး သူ့ရဲ့လက်ကိုင်အိတ်ကို တုန်ယင်နေတဲ့ လက်ချောင်းတွေနဲ့ ထိုးမွှေတယ်၊ ပြီးတော့ ထင်ထားတဲ့အတိုင်းပဲ ပုလဲလက်ကိုင်ပါတဲ့ ဓားပိစိ ကလေးကို ထုတ်လိုက်တယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

*တံတားအဖြစ် ချခင်းထားတဲ့ ပုံ့ကျနေတဲ့ ပျဉ်ချပ်တစ်ခုပေါ်မှာ အခုလို ခြေဖျားထောက်ပြီး လျှောက်နေရတာ၊* ခင်ဗျားရဲ့ ခြေထောက်အောက်မှာ ဘာမှမရှိတဲ့ အခြေအနေ၊ နင်းထားတဲ့ အရာကို ခြေဖျားတွေနဲ့ ကုပ်တွယ်ထားရ၊ နင်းစရာ ဆိုလို့လည်း အောက်ဘက်က ရေပြင်ပေါ်မှာ ထင်ဟပ်နေတဲ့ ခင်ဗျားရဲ့အရိပ်က လွဲပြီး ဘာမှ မရှိ၊ ကမ္ဘာကြီးကို ခင်ဗျားရဲ့ ခြေထောက်တွေနဲ့ ဟန်ချက်ထိန်းထားရတာမျိုး၊ ဟောဒီ ဒုက္ခသုတ်ခကနေ လွတ်မြောက်ဖို့အတွက် ခင်ဗျားရဲ့လက်တွေက လေကို အတင်း ဖမ်းဆွဲ ဖျစ်ညှစ်နေတယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK


*ပစ်ပယ်ခံ ဝိညာဉ်ရေ၊ မင်း မကျေမနပ်ဖြစ်နေတဲ့ ကိစ္စက ဘာလဲ။* အသက်ရှင်နေသူတွေရဲ့ အိမ်ထဲမှာ ဘာကြောင့် တဖျပ်ဖျပ် ပျံဝဲနေရတာလဲ။ မင်းပိုင်ဆိုင်တဲ့ အကွာအဝေးထဲကို ဝင်ရောက် ပျောက်ကွယ်သွားရမယ့်အစား မင်းနဲ့ မသက်ဆိုင်တဲ့ အရာတွေအတွက် ဘာကြောင့် ဒီမှာ လာပြီး တိုက်ပွဲဝင်နေရတာလဲ။ လက်ပေါ်မှာ မသေမရှင်ဖြစ်နေတဲ့ ဖိုးသက်ပြင်း စာကလေးတစ်ကောင်ထက်စာရင် ခေါင်မိုးပေါ်မှာ ရှိတဲ့ ခိုအရှင်ကိုပဲ ငါ ပိုပြီး လိုလားတယ်။

■

mgyoe.com

mgyoe.com

လုပ်ပိုင်ခွင့် *အာဏာ*။ ကျွန်တော့်ရဲ့ စိတ်သဘာဝအရ ဆိုရင်တော့ ကျွန်တော် လက်ခံနိုင်တဲ့ အခွင့်အာဏာမျိုးက ကျွန်တော့်ကို ဘယ်သူမှ မပေးသေးတဲ့ အခွင့်အာဏာမျိုး ဖြစ်တယ်။ အဲဒီ ဝိရောဓိထဲမှာ၊ အမြဲတမ်း ဝိရောဓိ တစ်ခုမဟုတ် တစ်ခုထဲမှာသာ၊ ကျွန်တော် အသက်ရှင်နိုင်တယ်။ တခြားလူတွေအတွက်လည်း ဒီအတိုင်းပဲ ဖြစ်ချင် ဖြစ်မှာပေါ့၊ သေနေရင်းနဲ့ ရှင်သန်ကြ၊ ရှင်သန်ရင်းနဲ့ သေကြပေါ့။ ဆပ်ကပ်တစ်ခုကို နမူနာကြည့်ရအောင်၊ ပတ္တူစကြမ်းတွေနဲ့ ငုံပြီး လုံအောင် ဆောက်ထားတယ်၊ ဒါမှလည်း အပြင်ကနေ ဘယ်သူမှ လှမ်းမမြင်နိုင်မှာ။ အဲဒီမှာ တစ်စုံတစ်ယောက်က ပတ္တူသားပေါ်က အပေါက်ကလေးတစ်ခုကို ရှာတွေ့သွားတယ်။ အဲဒီအပေါက်ကနေ အထဲကို မြင်နိုင်တယ်။ ဝန်ခံရမှာက၊ အဲဒီမှာ ရှိနေတဲ့အတွက် သူ ဒုက္ခတော့ ရောက်ရလိမ့်မယ်။ ကျွန်တော်တို့အားလုံးလည်း အချိန်တစ်ခုအထိတော့ အဲသလိုပုံစံမျိုးနဲ့ ဒုက္ခရောက်ရဦးမှာပဲ။ ဝန်ခံရမှာက – ဒုတိယမွို ဝန်ခံရမှာက – အဲသလို အပေါက်

mgyoe.com

mgyoe.com SAMPLE BOOK


ကျဉ်းကျဉ်းလေးကနေ ချောင်းကြည့်တယ်ဆိုရင် ခင်ဗျား အများဆုံး မြင်ရမှာက ပရိသတ်ရဲ့ ကျောကုန်းတွေပဲ။ ဝန်ခံရမှာက – တတိယမွိ ဝန်ခံရမှာက – ဂီတသံနဲ့ တီရစ္ဆာန်တွေရဲ့ ဟိန်းဟောက် အော်မြည်သံတွေကိုလည်း ခင်ဗျား ကြားရလိမ့်မယ်။ နောက်ဆုံးမှာ ထိတ်လန့်မှုနဲ့ အတူ မေ့မြောသွားပြီး ရဲအရာရှိတစ်ယောက်ရဲ့ လက်ပေါ်ကို ခင်ဗျား လဲကျသွားတယ်။ အဲဒီရဲကလည်း သူ့တာဝန်နဲ့ သူ ဆပ်ကပ်ရုံတစ်ဝိုက်မှာ လမ်းလျှောက်နေခဲ့တာဖြစ်ပြီး ချောင်းကြည့်နေသူ ခင်ဗျားရဲ့ ပခုံးကို အသာလေး လာပုတ်တယ်။ ပိုက်ဆံမပေးဘဲနဲ့ အခုလို အသည်းအသန် ချောင်းကြည့်နေတာဟာ ရှက်စရာကောင်းတဲ့ ကိစ္စဖြစ်ကြောင်း ခင်ဗျားကို အသိပေးဖို့။

■

mgyoe.com

mgyoe.com
SAMPLE BOOK


*စားပွဲမှာ တိတ်ဆိတ်စွာ ထိုင်ပြီး စားပွဲမျက်နှာပြင်ကို ငေးစိုက်ကြည့်နေတဲ့ အသွင်သဏ္ဍာန်နဲ့ ရင်ဆိုင်ရတဲ့အခါ ကျွန်တော့်မှာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ ဖြစ်ရတယ်။* သူမကို ဝိုင်းပတ်ပြီး ကျွန်တော် လမ်းလျှောက်တဲ့အခါ ကျွန်တော့်ရဲ့လည်ပင်းကို သူမက ညှစ်နေတယ်လို့ ခံစားရတယ်။ တတိယမြောက် လူက ကျွန်တော့်ကို ဝိုင်းပတ်ပြီး လမ်းလျှောက်တယ်၊ ပြီးတော့ သူ့ရဲ့လည်ပင်းကို ကျွန်တော်က ညှစ်နေတယ်လို့ သူ ခံစားရတယ်။ စတုတ္ထမြောက် လူက တတိယမြောက် လူကို ဝိုင်းပတ်ပြီး လျှောက်တယ်။ အဲသလိုမျိုး ဆက်ပြီး ဖြစ်သွားလိုက်တာ ကြယ်တွေဆီ ရောက်တဲ့အထိ၊ ပြီးတော့ ကြယ်တွေကို လွန်တဲ့အထိပဲ ဆိုပါတော့။ ကျွန်တော်တို့ အားလုံး မိမိရဲ့လည်ပင်းပေါ်က ဖျစ်ညှစ်မှုကို ခံစားကြရင်းပေါ့။

■

mgyoe.com

mgyoe.com SAMPLE BOOK

*မြို့စားက နေ့လည်စာ စားနေတယ်။* တိတ်ဆိတ်တဲ့ နွေရာသီ နေ့ရက်တစ်ရက် ဖြစ်ပါတယ်။ တံခါး ပွင့်သွားတယ်၊ ဒါပေမဲ့ ဒီတစ်ခေါက်တော့ အစေခံ ဝင်လာတာ မဟုတ်ဘူး၊ မြို့စားရဲ့အစ်ကို ဖီလောတပ်စ် ဝင်လာတာပါ။ 'အစ်ကိုပါလား၊ အိပ်မက်ထဲမှာတောင် နှစ်ပေါင်းများစွာ မမြင်ခဲ့ရတဲ့ မင်းကို အခုလို မြင်ရတော့ ငါ ဘယ်လိုနေမလဲ စဉ်းစားကြည့်စမ်း' လို့ မြို့စားက ထိုင်ရာကနေ ထပြီး ပြောတယ်။ ဝရန်တာဘက်ကို လှမ်းကြည့်လို့ ရတဲ့ ပြင်သစ် ပြတင်းပေါက်မှန်က အစိပ်စိပ် အမွှာမွှာ ကွဲသွားပြီး ရစ်ငှက်လို နီညိုရောင်ရှိပေမဲ့ ရစ်ငှက်ထက် ပိုလည်း ကြီး၊ နှုတ်သီးလည်း ပိုရှည်တဲ့ ငှက်တစ်ကောင်က အတောင်ပံ တဖျပ်ဖျပ် ခတ်ကာ အခန်းထဲကို ဝင်လာတယ်။ 'နေဦး၊ ဒီငှက်ကို ဖမ်းလိုက်ဦးမယ်'လို့ မြို့စားရဲ့အစ်ကိုက ပြောတယ်။ တစ်ပြိုင်နက်တည်းမှာပဲ သူ့ရဲ့ဝတ်ရုံကို လက်တစ်ဖက်နဲ့ စုကိုင်လိုက်ပြီး ကျန်လက်တစ်ဖက်နဲ့ ငှက်ကို ဖမ်းတယ်။ အဲဒီအခိုက်မှာပဲ အစေခံက ခမ်းနားလှပတဲ့ သစ်သီးပန်းကန် ကိုင်ပြီး

mgyoe.com

mgyoe.com SAMPLE BOOK


ဝင်လာတယ်။ ငှက်က သစ်သီးပန်းကန်နားမှာ ပျံဝဲပြီး သစ်သီးတွေကို အငမ်းမရ ထိုးဆိတ်တယ်။

အစေခံလည်း သစ်သီးပန်းကန်ကို တင်းတင်း ဆုပ်ကိုင်ထားပြီး သစ်သီးတွေကို တစ်လှည့်၊ ငှက်ကို တစ်လှည့်၊ ငှက်လိုက်ဖမ်းနေတဲ့ မြို့စားရဲ့အစ်ကိုဖြစ်သူကို တစ်လှည့် ငေးကြည့်နေတယ်။ နောက်ထပ် တံခါးတစ်ချပ် ပွင့်သွားပြီး ရှာသားတချို့ ဝင်လာတယ်၊ ရှာသားတွေရဲ့ စုပေါင်း အသနားခံလွှာတစ်ခုကို ယူလာတယ်။ သူတို့ရဲ့ လယ်ကွင်းတွေဆီ သွားတဲ့အခါ ပိုပြီး ကောင်းကောင်းမွန်မွန် သွားနိုင်ဖို့အတွက် တောလမ်းကို လွတ်လွတ်လပ်လပ် အသုံးပြုခွင့်ပေးဖို့ တောင်းဆိုကြတာ ဖြစ်တယ်။ ဒါပေမဲ့ သူတို့ ရောက်လာတဲ့အချိန်က အချိန်ကောင်း မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ မြို့စားဟာ ခွေးခြေခုံတစ်လုံးပေါ်မှာ ထိုင်ပြီး အိမ်စာလုပ်နေတဲ့ ကလေးငယ်တစ်ယောက်သာ ဖြစ်တယ်။ မြို့စားအိုကြီးက တိမ်းပါးခဲ့ပြီ ဆိုတာကို ဒီနေမှာ ထည့်ပြောရမယ်။ အဲဒီသားငယ်က အဖေ့ရဲ့ အရိုက်အရာကို ဆက်ခံရမှာ ဖြစ်တယ်၊ ဒါပေမဲ့ တကယ်တမ်းမှာ အဲသလို ဖြစ်မလာခဲ့ဘူး။ သမိုင်းထဲမှာ လစ်ဟာနေတဲ့ အပေါက်တွေ ရှိပြီး၊ မြို့စားကြီးရဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ ဗလာနယ်တစ်ခုထဲကို ခလုတ်တိုက်ပြီး ပြုတ်ကျသွားတယ်။ သူတို့ ဘယ်ကို ရောက်သွားကြမှာလဲ။ သူတို့ ပြန်လာကြမှာလား။ အခြေအနေမှန်ကို အချိန်မီ ရိပ်စားမိကြမှာလား။ သူတို့အဖွဲ့ထဲက တစ်ယောက်ဖြစ်တဲ့ ကျောင်းဆရာက ရှေ့ကိုထွက်လာပြီး မြို့စားလေးရဲ့ စာသင်ကြားရေးတာဝန်ကို ဝင်ယူတယ်။ ကျောင်းဆရာဟာ စားပွဲပေါ်မှာ ရှိသမျှ ပစ္စည်းတွေကို တုတ်တစ်ချောင်းနဲ့ တွန်းချပြီး ကျောက်သင်ပုန်းလိုဖြစ်အောင် ထောင်လိုက်တယ်။ ပြီးတဲ့နောက် ၁ ဆိုတဲ့ ဂဏန်းကို စားပွဲမျက်နှာပြင်ပေါ်မှာ မြေဖြူနဲ့ ရေးလိုက်တယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK


*ရိုးရိုးသားသားနဲ့ မခြွင်းမချန် ပြောရရင် ဒီကိစ္စတစ်ခုလုံးကို ကျွန်တော် သိပ်ပြီး စိတ်မဝင်စားပါဘူး။* ထောင့်တစ်ခုမှာ လဲလျောင်းရင်းနဲ့ပဲ ဆက်ကြည့်နေလိုက်တယ်။ လှဲလျက် အနေအထားကနေ မြင်နိုင်သလောက် ကြည့်၊ ကြားနိုင်သလောက် နားထောင်ပေါ့လေ။ ဒီအပြင်တော့ ကျွန်တော်ဟာ ညအချိန် ကျရောက်လာမှာကို စောင့်စားရင်း ဆည်းဆာအမှောင်တစ်မျိုးထဲမှာ လပေါင်းများစွာ နေထိုင်ခဲ့သူ ဖြစ်တယ်။ အကျဉ်းခန်းထဲ အတူနေသူကတော့ ကျွန်တော်နဲ့ မတူတဲ့ အခြေအနေတစ်ခုမှာ ရှိတယ်။ သူက စိတ်ဓာတ်မာကျောတဲ့သူ၊ သင်္ဘောကပ္ပတိန်တစ်ယောက်။ သူ့ရဲ့ အခြေအနေကို ကျွန်တော် ခန့်မှန်းကြည့်လို့ ရတယ်။ သူ့ရဲ့အကျပ်အတည်းဟာ မှောင်ကုပ်ကုပ် တစပြင်လို နေရာမှာ တောင့်ခဲနေတဲ့ ဝင်ရိုးစွန်း စူးစမ်းလေ့လာသူတစ်ယောက်ရဲ့ အကျပ်အတည်းမျိုးနဲ့ တူပါတယ်ဆိုတဲ့ အမြင်မျိုး သူ့မှာ ရှိတယ်။ ဒါပေမဲ့ အဲဒီ စူးစမ်းလေ့လာသူဟာ ကယ်ဆယ်ခြင်း ခံရလိမ့်မယ်၊ ကယ်ဆယ်ခြင်း ခံရပြီးတောင် ဖြစ်လိမ့်

mgyoe.com

mgyoe.com

SAMPLE BOOK


မယ်။ ဝင်ရိုးစွန်း လေ့လာရေးခရီး မှတ်တမ်းတွေမှာ ဖတ်ရသလိုမျိုးပေါ့။ အောက်ပါ ဝိဝါဒကွဲပြားမှုတော့ ရှိနေတယ် – အကျဉ်းခန်းထဲ အတူနေ သူက သူလည်း ကယ်ဆယ်ခံရလိမ့်မယ်ဆိုတဲ့ အချက်ကို အကြွင်းမဲ့ ယုံကြည်တယ်၊ အဲဒါက သူ့ရဲ့ဆန္ဒနဲ့တောင် မဆိုင်ဘူး၊ သူ့ရဲ့သူရဲကောင်း စရိုက်ကြောင့်နဲ့တင် ကယ်တင်ခံရမှာ။ ဒါကို သူက တကယ်ပဲ ဆန္ဒရှိသင့်သလား။ သူ့မှာ ဆန္ဒရှိတယ်၊ မရှိဘူး ဆိုတာကလည်း ဘယ်အရာ အပေါ်မှ သက်ရောက်မှုရှိမှာ မဟုတ်ဘူး၊ သူက ကယ်တင်တာကို ခံကို ခံရမှာ။ ဒါပေမဲ့ သူကရော အဲသလို အကယ်ခံရဖို့အတွက် ဆန္ဒ ပြုသင့်သလား၊ မပြုသင့်ဘူးလားဆိုတဲ့ မေးခွန်းကတော့ ကျန်ရှိနေဆဲပဲ။ လက်ပေါက်ကတ်မှန်း သိသာနေတဲ့ အဲဒီမေးခွန်းနဲ့ သူ နပန်းလုံးတယ်၊ သေသေချာချာ တွေးဆတယ်၊ ကျွန်တော့်ရဲ့အရှေ့မှာ ချပြတယ်၊ ကျွန်တော်နဲ့ အတူတူ ဆွေးနွေးတယ်။ ကယ်ဆယ်လွတ်မြောက်ရေး ကိစ္စအကြောင်း ကျွန်တော်တို့ မပြောကြဘူး။ အဲဒီကိစ္စအတွက်တော့ သူ့မှာ ရှိသမျှ မျှော်လင့်ချက်တွေကို တစ်နည်းနည်းနဲ့ သူ အရယူထားတဲ့ တူသေးသေး တစ်လက်ပေါ်မှာပဲ သူ့ဘက်က ပုံအောထားတယ်။ ပုံဆွဲခုံထဲကို သံမှိုလေးတွေ ရိုက်ထည့်ရာမှာ သုံးတဲ့ တူလိုဟာမျိုး။ ဒီထက်လည်း သူ မတတ်နိုင်ဘူးလေ၊ ဒါပေမဲ့ ဒီတူကို သုံးသလား ဆိုတော့လည်း မသုံးဘူး၊ ပိုင်ဆိုင်ရတာကိုပဲ ကျေနပ်နေတယ်။ တစ်ခါတလေကျရင် ကျွန်တော့်ရဲ့ အားမှာ ဒူးထောက်ပြီး ကျွန်တော် အကြိမ်တစ်ထောင်မက မြင်ဖူးတဲ့ အဲဒီ တူကို ကျွန်တော့်မျက်နှာတည့်တည့်မှာ မြှောက်ကိုင်ထားတတ်တယ်၊ ဒါမှမဟုတ်ရင် ကျွန်တော့်ရဲ့လက်ကို ယူ၊ ကြမ်းပြင်ပေါ်မှာ ဖြန့်ပြီး၊ လက်ချောင်း တစ်ချောင်းချင်းစီကို တူနဲ့ထုတယ်။ သူ့ရဲ့တူနဲ့ ထုလို့ကတော့ နံရံရဲ့ အပိုင်းအစလေးတောင်မှ ပဲ့ထွက်လာမှာ မဟုတ်ဘူး၊ ဒါကို သူ သိတယ်။ အဲသလို လုပ်ဖို့ ကြံရွယ်တာမျိုးကိုလည်း မတွေ့ရပါဘူး၊ တစ်ခါတစ်ရံကျရင် တူကို နံရံမှာကပ်ပြီး ပွတ်ဆွဲတယ်။ မသိရင်ပဲ စောင့်ဆိုင်းနေတဲ့ ကယ်ဆယ်လွတ်မြောက်ရေး ယန္တရားကြီး နိုးထ လည်ပတ်လာအောင် အချက်ပဲ ပေးလိုက်သလိုလို။ တကယ်တမ်းကျ အဲဒီပုံစံအတိုင်း

mgyoe.com

mgyoe.com SAMPLE BOOK


ကွက်တိကြီး ဖြစ်လာမှာ မဟုတ်ဘူး၊ ကယ်ဆယ်လွတ်မြောက်ရေးဟာ သူ့အချိန် သူ့အခါနဲ့ စတင်လိမ့်မယ်၊ တူနဲ့ ဘာမှ မဆိုင်ဘူး။ ဒါပေမဲ့လည်း အဲဒီတူဟာ သူ့အတွက် အရေးကြီးတဲ့ တစ်စုံတရာအဖြစ် ဆက်ရှိနေတယ်၊ ထင်သာမြင်သာရှိပြီး ဆုပ်ကိုင်လို့ရတဲ့ တစ်စုံတစ်ခု၊ အထိမ်းအမှတ် တစ်ခု၊ ကယ်ဆယ်လွတ်မြောက်ရေးဆိုတဲ့ အရာကို နမ်းလို့မရဘူး ဆိုပေမဲ့ ဒီတူကိုတော့ နမ်းလို့ ရတယ်။

ကပ္ပတိန်တစ်ယောက်တော့ အကျဉ်းချခံရလို့ ရှုံးသွားရှာပြီဆိုပြီး ခင်ဗျားတို့ ပြောကောင်း ပြောကြမယ်။ သူ့ရဲ့ အတွေးစက်ဝန်းက ဆုတ်ယုတ် နည်းပါးလာလိုက်တာများ အတွေးလေးတစ်စလောက် ထားဖို့ အတွက်တောင် နေရာမကျန်တော့ဘူး။

■

mgyoe.com

mgyoe.com

SAMPLE BOOK


*မိုးကောင်းတဲ့ နေ့။* ခင်ဗျားက ရေအိုင်တစ်ခုရဲ့ ပြောင်လက်နေတဲ့ မျက်နှာပြင်ကို မိုးပြီး မတ်တတ်ရပ်နေတယ်။ ပင်ပန်းနေလို့ မဟုတ်၊ ဝမ်းနည်းလို့ မဟုတ်၊ နက်နက်နဲနဲ တွေးနေလို့ မဟုတ်၊ တစ်စုံတစ်ယောက်ကို စောင့်စားရင်း ခင်ဗျားရဲ့ အတ္တဘော ခန္ဓာကိုယ်ကြီးနဲ့ မတ်တတ်ရပ်နေရုံ သက်သက်ပဲ။ အသံတစ်ခုကို ခင်ဗျား ကြားရတယ်။ စကားလုံး မပါဘဲနဲ့တင် အဲဒီအသံကြောင့် ခင်ဗျားရဲ့မျက်နှာပေါ်မှာ အပြုံးတစ်ခု ပေါ်လာတယ်။ 'လာ'လို့ အဲဒီအသံက ခေါ်တယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့ ဘေးပတ်ဝန်းကျင်မှာ ဘယ်သူမှ ရှိမနေဘူး။ 'ကျေကျေနပ်နပ်ကြီး လာပါ့မယ်။ ဒါပေမဲ့ ခင်ဗျားကို ကျွန်တော် မမြင်ရဘူး'လို့ ခင်ဗျားက ပြန်ပြောလိုက်တယ်။ အဲဒီနောက် ဘာအသံကိုမှ ထပ်မကြားရတော့ဘူး။ ဒါပေမဲ့ ခင်ဗျား စောင့်နေတဲ့လူ ရောက်လာတယ်၊ မျက်လုံးသေးသေးလေးတွေ ရှိတဲ့ လူသန်လူထွား တစ်ယောက်၊ ထူထဲတဲ့ မျက်ခုံးတွေ၊ တွဲကျနေတဲ့ ပါးစုန့်ထူထူတွေနဲ့ ပါးသိုင်းမွေးတွေလည်း ရှိတယ်။ သူ့ကို တစ်နေရာရာမှာ မြင်ဖူးတယ်လို့ ခင်ဗျား ခံစားမိတယ်။ မြင်ဖူးတာပေါ့၊ အဲဒီလူက။

mgyoe.com

mgyoe.com SAMPLE BOOK


ခင်ဗျားရဲ့ အလုပ်က မိတ်ဟောင်းဆွေဟောင်းပဲ။ ဒီနေရာမှာ သူနဲ့ တွေ့ပြီး ဆွေးနွေးဖို့သင့်တာ ကြာပြီဖြစ်တဲ့ အလုပ်ကိစ္စတစ်ခုအကြောင်း ပြောဖို့ ခင်ဗျားကိုယ်တိုင်ပဲ စီစဉ်ခဲ့တာ။ အဲဒီလူက ခင်ဗျားရဲ့အရှေ့မှာ ရပ်နေတယ်၊ သူ အမြဲ ဆောင်းလေ့ရှိတဲ့ ဦးထုပ်ရဲ့ နားပန်းကနေ မိုးရေတွေက တစ်စက်ပြီး တစ်စက် ကျနေတယ်။ အဲသလို နီးကပ်နေပေမဲ့လည်း ခင်ဗျားအနေနဲ့ သူ့ကို မှတ်မိဖို့ ခက်နေတယ်။ တစ်စုံတစ်ခုက ပိတ်ကာနေတယ်။ ခင်ဗျား အနေနဲ့ အဲဒီအရာကို ဖယ်ရှားပစ်လိုက်ချင်ပြီး ခင်ဗျားရဲ့မိတ်ဆွေနဲ့ စကားလက်ဆုံ ကျလိုက်ချင်တယ်။ ဒါကြောင့် သူ့ရဲ့လက်မောင်းကို လှမ်းကိုင်လိုက်တယ်။ ပြီးတော့ ချက်ချင်းပဲ ပြန်လွှတ်ပေးလိုက်ပြန်တယ်။ တစ်စုံတစ်ခုက ခင်ဗျားအတွက် ရှုံ့ရှာစရာဖြစ်နေတယ်၊ ခင်ဗျား ထိလိုက် တဲ့ အရာက ဘာကြီးလဲပေါ့။ ခင်ဗျားရဲ့ လက်ကို ခင်ဗျား လေ့လာတယ်။ ဘာတစ်ခုမှ မမြင်ရပေမဲ့ ရင်ထဲမှာ အော်ဂလီဆန်နေတယ်။ ဒီတော့ ခင်ဗျား ဆင်ခြေတစ်ခုကို ရှာတယ်၊ ဒါပေမဲ့ အဲဒီဆင်ခြေကလည်း ဆင်ခြေ ဟုတ်ချင်မှ ဟုတ်မယ်၊ ဘာကြောင့်လဲဆိုတော့ အဲဒီဆင်ခြေကို ပေးနေစဉ်မှာပဲ အဲဒီဆင်ခြေက ဘာလဲဆိုတာကို ခင်ဗျား မေ့သွားပြီ။ ပြီးတော့ ခင်ဗျား လှည့်ထွက်သွားတယ်၊ နံရံတစ်ခုနဲ့ တည့်တည့် တိုးတယ် – ခင်ဗျားရဲ့မိတ်ဆွေက ခင်ဗျားကို လှမ်းအော်တယ်၊ သတိပေးဖို့ ဖြစ်ချင် ဖြစ်မယ်၊ ခင်ဗျားက သူ့ကို အမူအရာတစ်ခုနဲ့ တုံ့ပြန်တယ် – နံရံဟာ ခင်ဗျားရဲ့ ရှေ့တည့်တည့်မှာပဲ ပွင့်ထွက်သွားပြီး ဖယောင်းတိုင်ပန်းဆိုင်း တစ်ခုကို မြှောက်ကိုင်ထားတဲ့ အစေခံတစ်ယောက် ပေါ်လာတယ်။ ခင်ဗျား သူ့အနောက်ကနေ လိုက်သွားပါတယ်။ ခင်ဗျားကို သူ ခေါ်သွားတဲ့ နေရာက တိုက်ခန်းတစ်ခု မဟုတ်ဘူး၊ ဆေးဆိုင်တစ်ခု ဖြစ်နေတယ်။ ပုံစံတူ အံဆွဲပေါင်း တစ်ရာ မြုပ်သွင်းထားတဲ့ နံရံမြင့်မြင့် ခွက်ခွက်ကြီး ပါတဲ့ ဆေးဆိုင်အကြီးကြီး ဖြစ်တယ်။

အဲဒီမှာ ဈေးဝယ်သူတွေလည်း မနည်းမနောပဲ။ ဈေးဝယ်သူ အများစုဟာ တုတ်ချောင်းရှည်ရှည်တွေကို ကိုင်ထားပြီး သူတို့ လိုချင်တဲ့ပစ္စည်း

mgyoe.com

တွေ့ရင် သက်ဆိုင်ရာ အံဆွဲကို အဲဒီတုတ်ချောင်းနဲ့ တဗျန်းဗျန်း ရိုက်ကြတယ်။ အဲဒီအခါကျ အရောင်းဝန်ထမ်းတွေက နံရံပေါ်ကို ခပ်စိပ်စိပ် ခပ်မြန်မြန်ကလေး တက်သွားကြတယ်၊ ပြီးတော့ ဈေးဝယ်သူ လိုချင်တဲ့အရာကို ယူချလာတယ်။ သူတို့ ဘာကို ကိုင်ပြီး တက်သွားတာလဲဆိုတာကို ခင်ဗျား မမြင်ရဘူး၊ မျက်လုံးတွေကို ပွတ်ပြီး ပြန်ကြည့်ပေမဲ့လည်း မမြင်ရဘူး။ ဒါတွေက ဖျော်ဖြေရေး သက်သက်လား၊ ဒါမှမဟုတ်အရောင်းဝန်ထမ်းတွေရဲ့ တာဝန်ထဲမှာ ပါနေတာလား။ အဖြေက ဘာပဲဖြစ်ဖြစ် အဲဒီအရောင်းဝန်ထမ်းတွေမှာ အမွေးထူပြီး ရှည်လျားတဲ့ အမြီးတွေ ရှိကြတယ်။ အဲဒီအမြီးတွေဟာ သူတို့ရဲ့ ဘောင်းဘီဖင်ကနေ အပြင်ကို ထွက်နေပြီး ရှဉ့်တွေရဲ့အမြီးနဲ့ တူတယ်၊ ဒါပေမဲ့ အများကြီး ပိုရှည်တယ်။ ပြီးတော့ အဲဒီအမြီးတွေက သူတို့ နံရံပေါ် တက်နေတုန်းမှာ ဆတ်ခနဲ၊ ဆတ်ခနဲ ခါသွားကြတယ်။ ဟိုဘက်ဒီဘက် မျောပါ ရွေ့လျားနေကြတဲ့ ဈေးဝယ်သူတွေနဲ့ ပျားပန်းခပ်နေတာကြောင့် လမ်းနဲ့ ဆေးဆိုင်တို့ဘယ်ပုံဘယ်နည်း ချိတ်ဆက်နေတယ် ဆိုတာကို မြင်ဖို့ မဖြစ်နိုင်ဘူး။ ဒါပေမဲ့ လမ်းဘက်ကို လှည့်ထားတာ ဖြစ်ကောင်း ဖြစ်နိုင်တဲ့ ပိတ်ထားတဲ့ပြတင်းပေါက် ခပ်သေးသေးတစ်ခုကို ခင်ဗျား မြင်ရတယ်။ တံခါးပေါက်ရှိနိုင်မယ်လို့ထင်ရတဲ့ နေရာရဲ့ ညာဘက်နားမှာ ဖြစ်ပါတယ်။ အဲဒီပြတင်းပေါက်ကနေတစ်ဆင့် လူသုံးယောက်ရဲ့ ပုံသဏ္ဌာန်ကို ခပ်ရေးရေးလောက်ပဲဖြစ်ဖြစ် ခင်ဗျား မြင်နေရတယ်။ ပြတင်းပေါက်အကွက်ကအဲဒီလူသုံးယောက်နဲ့တင် ပြည့်ကျပ်နေတာမို့ သူတို့ရဲ့ အနောက်မှာရှိတဲ့လမ်းက လူရှင်းသလား၊ လူရှုပ်သလား ဆိုတာကို ခွဲခြားပြောဖို့ အခက်တွေ့စေတယ်။ မြင်ရသလောက်တော့ သူ့ကို သူ့ရဲ့အဖော်နှစ်ယောက်ကအာရုံစိုက်လာအောင် အားထုတ်နေတဲ့ အမျိုးသား တစ်ယောက်။ အမျိုးသမီး နှစ်ယောက်က သူ့ကို ဘယ်တစ်ယောက် ညာတစ်ယောက် ရံထားတယ်၊ ဒါပေမဲ့ သူတို့ကို ဘယ်သူကမှ သတိမထားမိဘူး၊ သူတို့က ခြေပဲခွင်နေသလား၊ ကိုယ်ကိုပဲ နှိမ့်ထားသလား၊ ဒါမှမဟုတ် ဟိုအမျိုးသားရဲ့ခန္ဓာကိုယ်ကိုပဲ ပျော့ခွေပြီး မှီထားကြလေသလား၊ တစ်ခုခုတော့ တစ်ခုခု

mgyoe.com

mgyoe.com SAMPLE BOOK


ပဲ။ ဒါပေမဲ့ သူတို့က ဟိုအမျိုးသားလောက် လုံးလုံး အရေးမပါဘူး။ ဟိုအမျိုးသားမှာလည်း မသဘာဝ တစ်စိတ်တစ်ပိုင်း ရှိနေတယ်။ သူ့ရဲ့ ခန္ဓာကိုယ်က တောင့်တောင့်တင်းတင်း၊ အပြာရောင် အလုပ်သမားအင်္ကျီကို ဝတ်ထားတယ်၊ မျက်နှာက ဖြက်ကျယ်ပြီး ပေါ်ပေါ်လွင်လွင် ရှိတယ်၊ နှာကတော့ နှာပြားပဲ၊ မသိရင်များ အဲဒီနှာခေါင်းဟာ မကြာသေးခင်ကပဲ ပြားအောင် အလုပ်ခံခဲ့ရပြီး နှာခေါင်းပေါက်တွေက သူတို့ရဲ့ ရှင်သန်ရေးအတွက် တိုက်ပွဲဝင်နေတဲ့ ပုံမျိုး။ နှာခေါင်းပေါက်တွေဟာ တွန့်လိမ်ကောက်ကွေးနေကြတယ်။ ပါးပြင်ကတော့ ကျန်းမာရေးကောင်းတဲ့ အရောင်အသွေး ရှိတယ်။ သူက ဆေးဆိုင်ထဲကို လှမ်းကြည့်တယ်၊ နှုတ်ခမ်းတွေကို လှုပ်တယ်၊ တစ်စုံတစ်ခုကို ရှာတဲ့ ပုံမျိုးနဲ့ သူ့ရဲ့လည်ပင်းကို ဘယ်တစ်ခါ ညာတစ်ခါ ဆန့်တယ်။ ဆိုင်ထဲမှာတော့ ယောကျ်ားတစ်ယောက်က ဘာမှလည်း မရှာ၊ ဝန်ထမ်းလည်း မဟုတ်တဲ့သူတွေကို လိုက်ကြည့်တယ်၊ ဆိုင်ထဲက အရာအားလုံးကို အမြဲတမ်း မြင်နေရအောင် ကြိုးစားရင်း ခါးကို မတ်မတ်ဆန့်ပြီး ဆိုင်ထဲမှာ ပတ်လျှောက်နေတယ်၊ ဂနာမငြိမ်တဲ့ သူ့ရဲ့ အောက်နှုတ်ခမ်းကို လက်ချောင်းနှစ်ချောင်းနဲ့ ဖျစ်ညှစ်တယ်၊ တစ်ခါတစ်ရံ အိတ်ဆောင်နာရီကို ထုတ်ကြည့်တယ်။ အဲဒီလူက ဆိုင်ပိုင်ရှင် ဖြစ်မယ်ဆိုတာ အသိသာကြီးပါ၊ ဈေးဝယ်သူတွေက သူ့ကို လက်ညှိုးထိုးလိုက်၊ တီးတိုးလုပ်လိုက်နဲ့။ တကယ်တော့ သူ့ကို မြင်ရင် မှတ်မိဖို့ သိပ်လွယ်တယ်၊ သူ့ရဲ့ခန္ဓာကိုယ်ကို သားရေကြိုးတွေနဲ့ ဒေါင်လိုက်ကော၊ အလျားလိုက်ကော ပတ်ထားတယ်၊ တင်းလည်း မတင်းလွန်း၊ လျော့လည်း မလျော့လွန်း။

ဆံပင်အရောင် ဖျော့ဖျော့နဲ့ ဆယ်နှစ်အရွယ် ကောင်လေး တစ်ယောက်က သူ့ရဲ့ဂျက်ကက်ကို လှမ်းကိုင်ထားတယ်။ တစ်ခါတလေ ကျရင် သားရေကြိုးတွေကိုလည်း လှမ်းဆွဲတယ်။ ဆေးဆိုင်ပိုင်ရှင် မပေးချင်တဲ့ အရာတစ်ခုကို ဂျီကျ တောင်းဆိုနေတာ ဖြစ်တယ်။ တံခါးဘဲလ်က ထမြည်တယ်။

ဘာကြောင့် ထမြည်ရတာလဲ။ ဈေးသည်တွေ ဝင်ချည်ထွက်ချည်

mgyoe.com

mgyoe.com


လုပ်နေခဲ့တာ တစ်ခါမှ ဘဲလ်သံ မမြည်ခဲ့ဘူး။ အခုမှ ဘာကြောင့် ထမြည်ရတာလဲ။ လူအုပ်ကြီးက တံခါးနဲ့ ဝေးရာဆီ ဖယ်ခွာကြတယ်၊ မသိရင်ပဲ အဲဒီဘဲလ်မြည်သံကို မျှော်နေခဲ့ကြတာလိုလို၊ တကယ်တမ်း သူတို့ ဖွင့်ပြောသလောက်ထက် တကယ့်လက်တွေ့မှာ အများကြီး ပိုသိနေတာလိုလို။ တံခါးရွက် နှစ်ရွက်ပါတဲ့ မှန်တပ် တံခါးကြီးကိုတော့ ဘယ်သူမှ မမြင်ဘူး။ ဆိုင်ရဲ့အပြင်ဘက်မှာက လူရှင်းတဲ့ လမ်းကြား ခပ်ကျဉ်းကျဉ်းတစ်ခု၊ အုတ်တွေ ဘာတွေနဲ့ ကောင်းကောင်းမွန်မွန် ခင်းထားတယ်၊ အပြင်မှာတော့ တိမ်ထူပြီး မှုန်မှိုင်းတဲ့နေ့၊ ဘာမိုးမှ ရွာမနေဘူး။ လူကြီးမင်းတစ်ယောက် လမ်းကြားဘက်က တံခါးပေါက်ကို ဖွင့်လိုက်ရာက တံခါးဘဲလ်ကို မြည်စေခဲ့တာ ဖြစ်တယ်၊ ဒါပေမဲ့ အခုကျကာမှ အဲဒီလူကြီးမင်းရဲ့ ပုံက ဇဝေဇဝါ ဖြစ်နေတဲ့ပုံ၊ ခြေတစ်လှမ်း နောက်ဆုတ်လိုက်ပြီး ဆိုင်ရဲ့ ဆိုင်းဘုတ်ကို ဖတ်တယ်၊ မမှားဘူး၊ သူ လာချင်တဲ့နေရာ မှန်တယ်၊ အဲဒီနောက် ဆိုင်ထဲကိုဝင်ဖို့ ခြေလှမ်းလိုက်တယ်။ အဲဒီပုဂ္ဂိုလ်က ဆရာဝန် ဟေရောဒီးယက်စ်ပါပဲ၊ ဆိုင်ထဲမှာရှိတဲ့ လူတိုင်း ဒါကို သိတယ်။ ဆရာဝန်က သူ့ရဲ့ ဘယ်ဘက်လက်ကို ဘောင်းဘီအိတ်ကပ်ထဲမှာ ထည့်ပြီး ဆေးဆိုင်ပိုင်ရှင်ဆီ လျှောက်သွားတယ်။ ဆေးဆိုင်ပိုင်ရှင်က လူရှင်းတဲ့ နေရာမှာ တစ်ယောက်တည်း မတ်တတ်ရပ်နေတယ်။ ဆံပင်အရောင် ဖျော့ဖျော့နဲ့ ကောင်လေးတောင် နောက်ဆုတ်သွားတယ်၊ ပွဲပရိသတ်ရဲ့ ရှေ့ဆုံးတန်းနားအထိပဲ နောက်ဆုတ်နိုင်တယ် ဆိုသော်လည်းပေါ့။ ပြီးတော့ သူ့ရဲ့ အပြာရောင် မျက်လုံးတွေကို ပြူးပြီး ဆက်ကြည့်နေတယ်။ ဟေရောဒီးယက်စ်က စကားပြောတဲ့အခါ ခနဲ့တဲ့တဲ့ ပြုံးပြီး ပြောတတ်တဲ့အကျင့် ရှိတယ်၊ ခေါင်းကို အနောက်ဘက် လှန်ထားတတ်တယ်၊ စကားပြောနေသူက သူဖြစ်ပေမဲ့ နားထောင်သူရုပ် ပေါက်နေတတ်တယ်။ သို့ပေမဲ့ သူဟာ အာရုံလစ်ဟင်းသူ၊ တချို့ကိစ္စတွေဆို နှစ်ကြိမ်လောက် ပြောပြရတယ်၊ သူနားပေါက်အောင် ပြောဖို့ဆိုတာ သိပ်မလွယ်လှဘူး၊ ပြီးတော့ ပြုံးကလည်း ပြုံးနေလိုက်သေးတယ်။

ဆရာဝန် ဆိုမှတော့ ဆေးဆိုင်ကို မသိ ရှိပါ့မလား၊ ဒါတောင်

mgyoe.com

mgyoe.com  SAMPLE BOOK 

သူ့ရဲ့ပုံစံက ဒီနေရာကို အခုမှ ပထမဆုံးအကြိမ် ရောက်တဲ့ပုံမျိုး၊ အမြီးတွန့်နေတဲ့ အရောင်းဝန်ထမ်းတွေကို ကြည့်ပြီး သူ့ရဲ့ခေါင်းကို တခါခါ လုပ်နေတယ်။ အဲဒီနောက် ဆေးဆိုင်ပိုင်ရှင်နားကို သူ ကပ်တယ်၊ ဆေးဆိုင်ပိုင်ရှင်ရဲ့ပခုံးကို သူ့ရဲ့ညာလက်နဲ့ ကိုင်ပြီး ဆွဲလှည့်လိုက်တယ်၊ အဲဒီနောက် သူတို့နှစ်ယောက် နောက်ဆုတ်ပေးနေတဲ့ လူအုပ်ကို ဖြတ်ပြီး ဆိုင်ရဲ့အတွင်းဘက်ဆီ ဝင်သွားတယ်၊ ကောင်လေးက သူတို့ရဲ့ရှေ့က လျှောက်တယ်၊ ရှက်ရွံ့ဟန်နဲ့ နောက်ကို လှည့်တကြည့်ကြည့် လုပ်တယ်။ ကောင်တာရဲ့ အနောက်ရောက်တော့ လိုက်ကာတစ်ခု၊ အဲဒီလိုက်ကာကို ကောင်လေးက လူကြီးနှစ်ယောက်အတွက် ဆွဲဖွင့်ပေးတယ်၊ အဲဒီနောက် ဓာတ်ခွဲခန်း တွေကို ဖြတ်လျှောက်ခဲ့ပြီး၊ အဆုံးကျတော့ တံခါးသေးသေးလေး တစ်ခုဆီ ရောက်သွားတယ်။

ကောင်လေးက မဖွင့်ရဲတာကြောင့် ဆရာဝန်ကပဲ မဖြစ်မနေ ဖွင့်ပေးလိုက်ရတယ်။ သူတို့နောက်ကို အခုထိ လိုက်လာနေတဲ့ လူအုပ်ကြီးဟာ အခန်းထဲကိုလည်း လိုက်ဝင်လာနိုင်တဲ့ အန္တရာယ်ရှိနေတယ်။ ဒါပေမဲ့ လူအုပ်ရဲ့ ရှေ့ဆုံးတန်းထဲကို ရောက်အောင် ဝင်လိုက်နိုင်တဲ့ အရောင်းဝန်ထမ်းတွေက လူအုပ်ကြီးဘက်ကို ပြန်တယ်။ သူတို့ဟာ ဆေးဆိုင်ပိုင်ရှင်ရဲ့ အမိန့်ကိုတောင် မစောင့်ကြတော့ဘူး။ ဝန်ထမ်းတွေက ငယ်ရွယ်ပြီး သန်မာ တောင့်တင်းတယ်၊ ပါးပါးနပ်နပ်လည်း ရှိတယ်။ လူအုပ်ကြီးကို ညင်သာစွာ တိုးတိတ်စွာနဲ့ နောက်ပြန်တွန်းကြတယ်။ အဲဒီလူအုပ်ကလည်း လူအရေအတွက် များနေတာကြောင့်သာ ဆေးဆိုင်ပိုင်ရှင်နဲ့ ဆရာဝန်တို့ရဲ့ နောက်ကို အမှတ်မထင် လိုက်လာခဲ့မိတာ ဖြစ်တယ်၊ ဘာရည်ရွယ်ချက်မှ ပါတာ မဟုတ်။ ဒါနဲ့တောင် လူအုပ်ထဲကနေပြီး အရောင်းဝန်ထမ်းတွေကို ပြန်တွန်းတဲ့ကိစ္စ ဖြစ်လာသေးတယ်။ အဲဒီကိစ္စရဲ့ တရားခံက စောစောက မိန်းမနှစ်ယောက်နဲ့ ပြတင်းပေါက် နားမှာ ရပ်နေခဲ့သူ အမျိုးသားပဲ၊ ပြတင်းပေါက်နားကနေ သူ ခွာလာခဲ့ပြီးပြီ၊ အဲဒီနောက် ဆိုင်ထဲကို ဝင်လာခဲ့ပြီး ကျန်လူတွေထက် အထဲကို ပိုဝင်နိုင်ဖို့ ရည်ရွယ်ထားတယ်။ လူအုပ်ရဲ့ အလျှော့ပေးမှုကြောင့် သူ အောင်မြင်

mgyoe.com

mgyoe.com

သွားတယ်။ လူအုပ်က ဒီနေရာကို လေးလေးစားစားရှိတာ ထင်ရှားတယ်။ အဲဒီလူက တံတောင်နဲ့ တွက်နေစရာတောင် မလိုဘဲ သူ့ရဲ့ ဘယ်ညာ အကြည့်စူးစူး တစ်ချက်စီနဲ့တင် အရောင်းဝန်ထမ်းတွေ ရှဲထွက်သွားကြ တယ်။ အရောင်းဝန်ထမ်းတွေရဲ့ ကြားကနေ သူရယ်၊ သူ့ရဲ့ အမျိုးသမီး အဖော် နှစ်ယောက်ရယ် ထွက်လာပြီး လူကြီးမင်း နှစ်ယောက်အနားကို တိုးသွားတယ်။ လူကြီးမင်း နှစ်ယောက်ထက် အရပ်ရှည်သူ ဖြစ်လေတော့ လူကြီးမင်း နှစ်ယောက်ရဲ့ ခေါင်းကြားကနေ မှောင်နေတဲ့ အခန်းကို လှမ်းချောင်းတယ်။ 'ဘယ်သူလဲ'ဆိုပြီး မိန်းမတစ်ယောက်ရဲ့ ခပ်ပျော့ ပျော့ အသံတစ်ခု အတွင်းထဲကနေ ထွက်ပေါ်လာတယ်။ 'တိတ်တိတ်နေ၊ ဆရာဝန် လာတယ်'လို့ ဆေးဆိုင်ပိုင်ရှင်က ပြန်ပြောတယ်။ ပြီးတော့ သူတို့ အခန်းထဲကို ဝင်သွားကြတယ်။ မီးဖွင့်ဖို့ကို ဘယ်သူမှ သတိမရဘူး။ ဆရာဝန်က ဆေးဆိုင်ပိုင်ရှင်နားကနေ ခွာပြီး ခုတင်နားဆီ သူ့ဘာသာသူ သွားလိုက်တယ်။ စောစောက လူနဲ့ သူ့ရဲ့အဖော် အမျိုးသမီးနှစ်ယောက် တို့က နာမကျန်းဖြစ်သူရဲ့ ခြေထောက်နားက ခုတင်တိုင်တွေကို မှီပြီး ရပ်နေကြတယ်၊ မသိရင် လက်ရန်းတစ်ခုနားမှာ ရပ်နေကြတာမျိုး။ ဆေးဆိုင်ပိုင်ရှင်က အတွင်းထဲကို ဒီ့ထက် ပိုပြီး မဝင်ရဲဘူး၊ ကောင်လေး ကလည်း သူ့ဘေးနားကို ပြန်ရောက်လာပြီ။ လူစိမ်း သုံးယောက် ရှိနေ တာကြောင့် ဆရာဝန်အတွက် အဟန့်အတား တစ်ခုလို ဖြစ်နေတယ်။ မကျန်းမာသူ အမျိုးသမီးကိုလည်း လေးစားသမှု ရှိတဲ့အနေနဲ့ သူ့ရဲ့အသံကို နှိမ့်ပြီး 'ခင်ဗျားတို့က ဘယ်သူတွေလဲ'လို့ လူစိမ်း သုံးယောက်ကို သူ မေးလိုက်တယ်။ 'အိမ်နီးချင်းတွေပါ'လို့ အမျိုးသားက ပြန်ပြောတယ်။ 'ခင်ဗျားတို့ ဒီမှာ ဘာလုပ်နေကြတာလဲ' လို့ ဆရာဝန်က မေးတော့ အဲဒီ အမျိုးသားက ဆရာဝန်ရဲ့အသံထက် ပိုကျယ်တဲ့ အသံနဲ့ ပြန်ပြောတယ် – 'ကျွန်တော်တို့ လိုချင်တာကတော့' [. . .]

■

mgyoe.com

mgyoe.com SAMPLE BOOK



*ရေကန်တစ်ခုထဲမှာ ကျွန်တော် လှေလှော်နေတယ်။* နေ့အလင်းရောင် မရှိတဲ့ ကလိုင်ပေါက်ဂူ တစ်ခုထဲမှာ လှော်ခတ်နေတာ ဖြစ်တယ်။ ဒါပေမဲ့ အရာအားလုံး လင်းလင်းကျင်းကျင်း ရှိတယ်၊ အံ့ကိုက်ပဲလို့ ဆိုရမယ်၊ ရှင်းလင်းညီညာတဲ့ အလင်းတန်းတစ်ခုက အပြာရောင်ဖျော့ဖျော့ ကျောက်တုံးကြီးတွေဆီကနေ အောက်ဘက်ကို ထိုးကျနေတယ်။ လေတစ်ဖွဲ့ တောင်မှ မတိုးပေမဲ့ ရေလှိုင်းတွေက မြင့်တယ်၊ ဒါပေမဲ့ သေးငယ်သလောက် တောင့်တင်းခိုင်မာတဲ့ ကျွန်တော့်ရဲ့လှေ မှောက်သွားရလောက်အောင်တော့လည်း မမြင့်ပါဘူး။ လှိုင်းတွေကို ဖြတ်ပြီး ညင်ညင်သာသာကလေး ကျွန်တော် လှော်ခတ်ခဲ့တယ်၊ လှော်ချက်တွေဆီမှာ အာရုံက မရှိသလောက်၊ ဒီနေရာမှာ အုပ်စိုးမင်းမူတဲ့ တိတ်ဆိတ်ငြိမ်သက်မှုကိုသာ ရှိသမျှ အာရုံတွေ အကုန်လုံးနဲ့ စုပ်ယူခံစားဖို့ စိတ်အားထက်သန်နေတယ် – ကျွန်တော့် ဘဝတစ်လျှောက် တစ်ခါမှ မတွေ့ဖူး မကြုံဖူးတဲ့ တိတ်ဆိတ်မှုမျိုး ဖြစ်နေပါတယ်။ မစားဖူးတဲ့ သစ်သီးလိုပေါ့၊ တစ်ခုပဲ

mgyoe.com